# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၃.၅၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်တင်တဲ့ ပုဂ္ဂိုလ်များရဲ့စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ နံနက်ပိုင်းခွင့်၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ဒေသဖွံ့ဖြိုးရေးကိစ္စ။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကျန်းမာရေး။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကျန်းမာရေး။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၁၄)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားပညာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားပညာရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားပညာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဝင်းမောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဝင်းမောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ကျွန်တော် အမျိုးသားပညာရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

အမျိုးသားပညာရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/ ၂၀၁၄-၂၀၉

ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇွန် လ ၅ ရက်

၁။ ပြည်သူ့လွှတ်တော်က အမျိုးသားပညာရေး ဥပဒေကြမ်းကို ၂၁-၃-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက်

ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ၂၀-၅-၂၀၁၄ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၃၀-၅-၂၀၁၄ ရက်နေ့တွင် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER) အဖွဲ့မှ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

၂။ အမျိုးသားပညာရေး ဥပဒေကြမ်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်သည့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံဥပဒေ ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခေတ်မီပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ထိုသို့ ဆောင်ရွက်ရာတွင် မူကြိုကဏ္ဍမှ အဆင့်မြင့်ကဏ္ဍအထိ အသက်မွေးဝမ်းကျောင်း အပါအဝင် ကဏ္ဍ အသီးသီးအတွက် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် ပညာရေးဥပဒေတစ်ရပ်အဖြစ် ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် အမျိုးသားပညာရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီ က ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့ ပညာရေးဝန်ကြီးဌာနကလည်း နိုင်ငံသားတိုင်း ပညာသင်ကြားခွင့် ရရှိရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များ ဖြစ်ထွန်းလာရေး၊ ကိုယ်ကျင့်တရား မြင့်မားပြီး ဘက်စုံထူးချွန်သည့် နိုင်ငံ့သားကောင်းများ မွေးထုတ်နိုင်ရေး၊ ခေတ်မီပညာ ရေးစနစ်ကို ဖော်ဆောင်နိုင်ရေး၊ တီထွင်ကြံဆ သုတေသနပြုနိုင်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုး တက်ရေးတို့အတွက် မြန်မာနိုင်ငံတွင် မရှိသေးသော ကွက်လပ်ဖြစ်နေသည့် ဤဥပဒေကြမ်းကို ပြဋ္ဌာန်း ပေးနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြလာခြင်း ဖြစ်ပါသည်။

၄။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းခဲ့သော ဥပဒေကြမ်းတွင် အခန်း(၁၄)ခန်းနှင့် ပုဒ်မ(၇၁)ခု ပါရှိခဲ့ပြီး ပညာရေးဝန်ကြီးဌာနက တင်သွင်းခဲ့သည့် ဥပဒေကြမ်းတွင် အခန်း(၁၄)ခန်းနှင့် ပုဒ်မ(၈၀)ပါရှိပါသည်။ ထိုဥပဒေကြမ်း (၂)ရပ်ကို ပေါင်းစပ်ပြီး ပြည်သူ့လွှတ်တော် က အခန်း(၁၄)ခန်းနှင့် ပုဒ်မ(၇၅)ခု ပါဝင်သော ဥပဒေကြမ်းအဖြစ် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ခြင်း ဖြစ်ပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် လေ့လာတွေ့ရှိချက် များကို ဆက်လက်တင်ပြပါမယ်။

လေ့လာတွေ့ရှိချက်များ

၅။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ နိုင်ငံတော်ရှိတိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရိုးရာဓလေ့များ၏ အနှစ်သာရများကို တန်ဖိုးထားပြီး ဘက်စုံအတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တ ကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးသော နိုင်ငံတော်၏ ပညာရေးစနစ် တစ်ခု လက်တွေ့ကျကျ ခိုင်မာစွာ ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ အခမဲ့မသင်မနေရ မူလတန်းအဆင့် ပညာရေးမှသည် အဆင့်ဆင့်သော အခြေခံပညာတန်းများသို့ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရေးကို ဦးတည်ပြီး ရှေးဦးအရွယ် ကလေးသူငယ်ပညာရေး၊ မူကြိုပညာရေး၊ သူငယ်တန်း ပညာရေး၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တို့ ပါဝင်သည့် အခြေခံပညာရေး တို့ ဖော်ဆောင်နိုင်ရေး၊ မသန်စွမ်းသူများနှင့် တိုးတက်ဖွံ့ဖြိုးမှု နည်းပါးသော၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသ၊ နယ်မြေ

အေးချမ်းမှုမရှိသောဒေသများနှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသော ဒေသများအတွက် ပညာရေး အထူးအစီအစဉ်နှင့် ပညာရေး အထူးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ နည်းပညာ၊ စက်မှုလက်မှုနှင့် သက်မွေးပညာရပ်ဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် လက်တွေ့ ကျွမ်းကျင်သူများကို စနစ်တကျ မွေးထုတ်ပေးနိုင်မည့် နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ ကျောင်း များ ထူထောင်နိုင်ရေး၊ လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာစီမံခန့်ခွဲနိုင်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများ ထူထောင်ဖွင့်လှစ်နိုင်မည့် အဆင့်မြင့်ပညာရေးကို ဖော်ဆောင် နိုင်ရေး၊ တိုင်းရင်းသားမျိုးနွယ်စု အသီးသီး၏ ကြွယ်ဝသော စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံ တို့ကို မြှင့်တင်နိုင်စွမ်းရှိပြီး နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေမှုရှိစေရန် အတွက် သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးမှုကို ဒေသလိုအပ်ချက်နှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိရေး၊ ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး တက္ကသိုလ်အလိုက်၊ ကျောင်းအလိုက် ပညာရေးကို လွတ်လပ်စွာ ဆောင်ရွက် နိုင်သော သုတေသနဆောင်ရွက်မှုကို ထိရောက်စွာအားပေး ကူညီနိုင်သော ပညာရပ်ဆိုင်ရာ ဝန်းကျင် ကောင်းများ ထူထောင်ဆောင်ရွက်နိုင်စေရေး၊ မိမိတို့ကျောင်း၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ် များကို ထိရောက်စွာ ဆောင်ရွက်နိုင်သည့် လွတ်လပ်သော ကျောင်းအုပ်ချုပ်ရေးကော်မတီများ ဖွဲ့စည်း တည်ထောင်ဆောင်ရွက်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး ရေရှည်ဖွံ့ဖြိုး တိုးတက်မှုကို ဖော်ဆောင်နိုင်သော နိုင်ငံသားများ ဖြစ်လာစေရေးနှင့် အားကစားကဏ္ဍကို အားပေး မြှင့်တင်ပြီး ကျောင်းကျန်းမာရေးလုပ်ငန်းရပ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရေး စသည့်အချက် များကို အခြေခံ၍ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးပြီး ဥပဒေကြမ်းတွင် ပြင်ဆင် ဖြည့်စွက်ချက်များ ပြုလုပ်သင့်သည်များကို လေ့လာတွေ့ရှိခဲ့ပါသည်။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် အမျိုးသားပညာရေး ဥပဒေကြမ်းမှ ပုဒ်မ ၂၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၄၆(ဂ)၊ ပုဒ်မ ၅၅၊ ပုဒ်မ ၆၇(ဂ) နှင့် ပုဒ်မ ၆၈(ခ) တို့ကို ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိခဲ့ ပါသည်။

၇။ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် အမျိုးသားပညာရေး ဥပဒေကြမ်းမှ ပုဒ်မ ၃(ဂ)၊ (ဆ)၊ (ဈ)၊ (ဋ)၊ (ဎ)၊ (ထ)၊ (ဒ)၊ (ဗ)၊ ပုဒ်မ ၄(ဃ)၊ ပုဒ်မ ၅(ဈ)၊ အခန်း(၄)၊ အခန်းခေါင်းစဉ်၊ ပုဒ်မ ၆(က)၊ ပုဒ်မ ၇(က)၊ (ဂ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆(ခ)၊ (ဂ)၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၂၅ ၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၁(ခ)၊ ပုဒ်မ ၃၃၊ ပုဒ်မ ၃၇(က)၊ (ခ)၊ (ဂ)၊ ပုဒ်မ ၄၀(ခ)၊ ပုဒ်မ ၄၁၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃(ခ)၊ ပုဒ်မ ၄၄(ဂ)၊ (ဆ)၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၆(ခ)၊ ပုဒ်မ ၄၇၊ ပုဒ်မ ၅၁၊ ပုဒ်မ ၅၄(ခ)၊ (ဇ)၊ အခန်း(၉)၊ အခန်းခေါင်းစဉ်၊ ပုဒ်မ ၆၀၊ ပုဒ်မ ၆၁၊ ပုဒ်မ ၆၆(က)၊ ပုဒ်မ ၆၈(ဃ)၊ (ဆ)၊ အခန်း(၁၃)၊ အခန်းခေါင်းစဉ်၊ ပုဒ်မ ၇၁ နှင့် ပုဒ်မ ၇၄ တို့ကို ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

၈။ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် အမျိုးသားပညာရေး ဥပဒေကြမ်းတွင် ပုဒ်မ ၂(ည)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ)၊ (ဘ)၊ (ရ) (သ)၊ (ဟ)၊ (ဂဂ)၊ ပုဒ်မ ၃(ဃ)၊ (င)၊ (ဇ)၊ (ဈ)၊ ပုဒ်မ ၇၊ ပုဒ်မ ၁၆(ခ)၊ ပုဒ်မ ၁၈(က)၊ (ခ)၊ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၅၈(ခ) တို့အဖြစ် အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိပါသည်။

၉။ အခန်းစဉ် အထားအသို ညီညွတ်မှုရှိစေရန် ပညာရေးစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုအခန်းကို အခန်း(၁၁) အဖြစ်လည်းကောင်း၊ ဘဏ္ဍာရေးအခန်းကို အခန်း(၁၂)အဖြစ်လည်းကောင်း ပြောင်းလဲစီစဉ်

သင့်ကြောင်းနှင့် ဥပဒေတစ်ရပ်လုံး၏ အထားအသို အစီအစဉ်ကျနမှု ရှိစေရန်အတွက် ပုဒ်မများ၏ အစီအစဉ်ကိုလည်း တစ်ပါတည်း ပြောင်းလဲအမှတ်စဉ်ရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၀။ ထို့အပြင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပြင်ဆင်ပြောင်းလဲခဲ့သဖြင့် ဥပဒေတစ်ရပ်လုံးတွင် စကားရပ်များ ပြောင်းလဲခြင်းများရှိသကဲ့သို့ မြန်မာစာရေးထုံးနှင့် ဥပဒေရေးထုံးဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ခြင်းများကိုလည်း ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်း အသေးစိတ်ကို ကန့်လန့်ဖြတ်ဇယားနှင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၁၁။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားပညာရေး ဥပဒေကြမ်းကို ပညာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားပညာရေးဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားပညာရေး ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၆-၆-၂၀၁၄ (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးအောင်ချိုညီး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ချိုညီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၂၀၇
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်

၁။ ပြည်သူ့လွှတ်တော်က စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့လာသော ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်နိုင်ရန်အတွက် ၂၆-၃-၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို ၄-၆-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ခေါ်၍ အစည်းအဝေး ပြုလုပ်ခဲ့ပြီး ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ် ရက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင် ချက်ဖြင့် အတည်ပြုထားသော ပုဒ်မပေါင်း(၁၃)ခု ပါဝင်သည်ကို တွေ့ရှိရပါသည် -

(က) ဤဥပဒေကြမ်းကို ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ လုပ်ငန်းဌာနအားလုံး၊ လုပ်ငန်းအမျိုးအစားအားလုံးတွင် လုပ်ကိုင်နေကြသော အလုပ်သမားများအားလုံး ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များ အကျုံးဝင် ခံစားခွင့်များ ရရှိလာစေရန်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိစေရန်နှင့် ကိုယ်ဝန်ဆောင် အမျိုးသမီး အလုပ်သမားများအတွက် မီးဖွားခွင့်ရက်ကို အခကြေးငွေဖြင့် ရရှိခံစားနိုင်ရန် ရည်ရွယ်ရေး ဆွဲထားခဲ့ခြင်း ဖြစ်ပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် ၅ ကို အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်သင့်ပါသည် -

အပိုဒ် ၅။ ၁၉၅၁ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(၃)၏ နောက်တွင် ပုဒ်မခွဲ(၄)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

ပုဒ်မခွဲ(၄)။ အလုပ်ရှင်သည် အလုပ်သမားများအတွက် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးတစ်ရက်ကို အခကြေးငွေ သို့မဟုတ် လစာငွေ အပြည့်ဖြင့် အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်၍ ခွင့်ပြုပေးရမည်။

(ဂ) အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စကားရပ် ဖြည့်စွက်ပြင်ဆင်ခြင်းကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက သဘောတူညီခဲ့ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန်နှင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအားလုံးကို သဘောတူလက်ခံသင့်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၆-၆-၂၀၁၄ (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာအား အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၂၀၆
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၃၀-၅-၂၀၁၄ ရက်နေ့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ၄-၆-၂၀၁၄ ရက်နေ့တွင် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ဥပဒေကြမ်း၏ ခေါင်းစဉ်ကို ဥပဒေရေးထုံးနှင့်ညီညွတ်မှုရှိစေရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၄) ဟု ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ အဖြစ် တာဝန်ပေးအပ်ရာ၌ နိုင်ငံတော်သမ္မတက သင့်လျော်သည် ဟု ယူဆသည့် နည်းလမ်းအရဖြစ်စေ ရွေးချယ်နိုင်သည် ဆိုသည့် စကားရပ်ကို ဖြည့်စွက်ထားပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်းတိုင်ပင်၍ ရွေးချယ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁ နှင့် ဆန့်ကျင်မှု မရှိခြင်း၊ အများသဘောတူညီမှုကို ညှိနှိုင်းရယူသည့် နည်းလမ်းဖြင့် ရွေးချယ်မှုဖြစ်ခြင်း တို့ကြောင့် ဤပြင်ဆင်ချက်ကို ပယ်ဖျက်သင့်ပြီး ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့် မူလပြင်ဆင်ချက်အတိုင်း ထားရှိသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၇(က)၊ ပုဒ်မခွဲ(၃) ကို လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့် ကိုက်ညီမှုရှိစေရန်အတွက် အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ပုဒ်မ ၁၇(က)၊ ပုဒ်မခွဲ(၃)။ ခုံရုံးသည် ပုဒ်မခွဲ(၁)အရ တင်သွင်းလာသော ကိစ္စရပ်ကို စိစစ်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ မှတ်တမ်းများ၊ ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာ လွှတ်တော်များတွင် ဆွေးနွေးခဲ့သော ဆွေးနွေးချက်များ ပါဝင်သည့် လွှတ်တော်မှတ်တမ်းများကို ပြည်ထောင်စု လွှတ်တော် နာယက၊ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌများ မှတစ်ဆင့် တောင်းခံကြည့်ရှုနိုင်သည်။

(ဃ) ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)တွင် ရှင်းလင်းပြည့်စုံအောင် တင်သွင်းခြင်း မပြုပါက တင်သွင်းလွှာကို ပယ်ဖျက်နိုင်သည် ဟူသည့် ဖော်ပြချက်အား မြန်မာစာ ရေးထုံး မှန်ကန်စေရန် ရှင်းလင်းပြည့်စုံစွာ တင်သွင်းခြင်းမပြုပါက တင်သွင်းလွှာကို ငြင်းပယ်နိုင်သည် ဟု ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဥ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဥ်း၍ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးအောင်နိုင်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၇။**

**ဗိုလ်မှူးအောင်နိုင်ဦး (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပြန်တမ်းဝင်အမှတ် ကြည်း ၂၆၂၀၉ ဗိုလ်မှူးအောင်နိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးတင်ပြမယ့် အကြောင်းအရာကတော့ ၅-၆-၂၀၁၄ ရက်နေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံးရုံး ဥက္ကဋ္ဌမှ တင်သွင်းသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ပြင်ဆင်အဆိုပြုချက်ဇယားတွင် ပါရှိသော အမှတ်စဉ်(၁)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားချက်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၀ ပါ ပြဋ္ဌာန်းချက်များဖြစ်သော နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး၊ စုစုပေါင်း (၉)ဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်(၁)ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည် ဟူသော အချက်နှင့် ညီညွတ်မှုရှိသည့်အတွက် အတည်ပြုပြဋ္ဌာန်းသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

အလားတူ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)ပါ ခုံရုံးဥက္ကဋ္ဌ အဖြစ် တာဝန်ပေးအပ်ရန် ရွေးချယ်ရာတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ဖြစ်စေ၊ နိုင်ငံတော်သမ္မတက သင့်လျော်သည် ဟု ယူဆသည့် နည်းလမ်းအရဖြစ်စေ ရွေးချယ်နိုင်သည် ဟူသော ဖြည့်စွက်ချက်သည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံဥပဒေဆိုင်ရာခုံရုံး ဥပဒေ ပုဒ်မ ၆ ၏ ဥပဒေပါ ပြဋ္ဌာန်းချက်၏ အနှစ်သာရနှင့် သဘောထားကွဲလွဲမှု မရှိခြင်းနှင့် နိုင်ငံတော်သမ္မတသည် နိုင်ငံ၏ အကြီးအကဲဖြစ်သည်နှင့်အညီ သင့်လျော်သည် ဟု ယူဆ၍ ရွေးချယ်ခြင်းသည် လိုက်နာကျင့်သုံးနိုင်တဲ့ နည်းလမ်းတစ်ခုဖြစ်သဖြင့် ဖြည့်စွက်ပြင်ဆင်ထားချက်အား အတည်ပြုနိုင်ပါရန် ထောက်ခံတင်ပြအပ်ပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အကြံပြုချက်ဇယားပါ အမှတ်စဉ်(၂) တွင် ပါရှိသော နိုင်ငံတော်ဖွဲ့စည်းပုံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)ကို ပုဒ်မခွဲ(က)အရ တင်သွင်းသည့် တင်သွင်းလွှာတွင် အဆုံးအဖြတ် ပေးစေလိုသည့်အချက်မှာ အဓိပ္ပာယ် ဖွင့်ဆိုချက် သို့မဟုတ် ဆုံးဖြတ်ချက် သို့မဟုတ် သဘောထားရယူရန် ဖြစ်သည်ကို ရှင်းလင်းစွာ ဖော်ပြရမည် ဟု ပြင်ဆင်အဆိုပြုထားပါသည်။

အဆိုပါ ပုဒ်မနှင့် ပတ်သက်၍ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ တို့အရ တင်သွင်းခွင့်ရှိသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက ဥပဒေနှင့်အညီ တင်သွင်းလာသည့် တင်သွင်းခွင့်များသည် ခုံရုံးအနေဖြင့် မည်သည့်ကိစ္စကို ဆောင်ရွက်ပေးရမည်ကို ရှင်းရှင်းလင်းလင်း သိရှိစေရန်အတွက် တိတိကျကျ ရေးသားဖော်ပြရန် လိုအပ်သဖြင့် ဖြည့်စွက်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ရှင်းရှင်းလင်းလင်း မရေးသားထားပါက ခုံရုံးအနေဖြင့် မည်သည့်ကိစ္စကို ဆောင်ရွက်ပေးရမည်ကို မသိရှိဘဲ ဖြစ်နိုင်ပါသည်။ ထိုသို့ မသိရှိနိုင်ပါက တင်သွင်းလွှာ တင်သွင်းသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းသို့ ပေးပို့မေးမြန်းရပါက မလိုလားအပ်ဘဲ အချိန်ကြန့်ကြာနိုင်ပါသည်။ ခုံရုံးအဖွဲ့က ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်သော အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဆုံးဖြတ်ခြင်း၊ သဘောထားရယူခြင်းများတွင် အကျိုးသက်ရောက်ပုံချင်း မတူညီသလို အရေးယူဆောင်ရွက်ရမည့် နည်းလမ်းများလည်း တူညီမှုမရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ခုံရုံးအဖွဲ့ ဆောင်ရွက်ပေးစေလိုသောအချက်ကို တင်သွင်းလွှာ တင်သွင်းသည့် ပုဂ္ဂိုလ်အဖွဲ့အစည်းက ရှင်းရှင်းလင်းလင်း ဖော်ပြပေးရန် လိုအပ်သည့်အတွက် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ) အား ထပ်မံဖြည့်စွက်ရန် လိုအပ်ခြင်းကြောင့် ထိုအစားထိုး ဖြည့်စွက်ချက်အား အတည်ပြုနိုင်ပါရန် ထောက်ခံတင်ပြအပ်ပါသည်။

ဆက်လက်၍ ခုံရုံး၏ အကြံပြုတင်ပြချက်ဇယား အမှတ်စဉ်(၃)တွင် ပြင်ဆင်ရန် အဆိုပြုထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၇ ၏ နောက်တွင် ဖြည့်စွက်မည့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) နှင့် အကြံပြုချက်ဇယား အမှတ်စဉ်(၆) တွင် အဆိုပြုထားသည့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁) တွင် ဖော်ပြပါရှိသော အကြောင်းအရာများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၃၂၂၊ ပုဒ်မခွဲ(ဂ)တွင် လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံဥပဒေဆိုင်ရာခုံရုံး ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ)တို့တွင်လည်းကောင်း ဖော်ပြပါရှိပြီး ဖြစ်ပါတယ်။

သို့သော် ထိုပြဋ္ဌာန်းချက်များတွင် ပြည်ထောင်စုလွှတ်တော် တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့် ဥပဒေများသည် လည်းကောင်း၊ ပြည်ထောင်စု တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည်လည်းကောင်း ဖွဲ့စည်းပုံဆိုင်ရာ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ခြင်း ဟုသာ ဖော်ပြထားသဖြင့် ပြဋ္ဌာန်းသည့်ဥပဒေများ ဆောင်ရွက်ချက်များ အားလုံးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ သိရှိရန်နှင့် စိစစ်ရန် များစွာ အခက်အခဲ ဖြစ်ပေါ်နိုင်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၅၊ ပုဒ်မ ၃၂၆ နှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ နှင့်အညီ တင်သွင်းခွင့်ရှိသူမှ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်၍ သဘောထားရယူရန် လိုအပ်သည်ဟု ထင်မြင်ယူဆ၍ ဥပဒေနှင့်အညီ တင်သွင်းလာပါက ခုံရုံးမှ စိစစ်ခြင်းတာဝန်အား ဆောင်ရွက်နိုင်ရန် အတွက် ပြင်ဆင် ဖြည့်စွက်ထားခြင်း ဖြစ်တဲ့အတွက် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) နှင့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁) တို့အား ပြဋ္ဌာန်းပေးရန် လိုအပ်သည်အတွက်ကြောင့် အတည်ပြုပေးနိုင်ပါရန် ထောက်ခံ တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌမှ တင်သွင်းလာသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား အမျိုးသားလွှတ်တော်က အတည်ပြုပေး နိုင်ပါရန် လေးစားစွာ ထောက်ခံတင်ပြရင်း နိဂုံးချုပ်တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဝင်းနိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၃။**

**ဗိုလ်မှူးဝင်းနိုင် (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ယနေ့ အစည်းအဝေးသို့ ကြွရောက်လာကြသော ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၃၄၄၅ ဗိုလ်မှူးဝင်းနိုင် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်ဆွေးနွေးမယ့် အကြောင်းအရာကတော့ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမရက်မြောက်နေ့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ မှ တင်သွင်းသော

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့ ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဆုံး ဆွေးနွေးမယ့် အချက်ကတော့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ပြင်ဆင်ချက်များ စာမျက်နှာ(၈)၊ အမှတ်စဉ်(၁၈)တွင် ဖော်ပြထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂၄ ကို ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားတို့သည် အပြီးပြတ် အတည်ဖြစ်သည် ဟု ပြင်ဆင်ရန် အဆိုပြုထားတာနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၄/၂၀၁၃ ဖြင့် ပြဋ္ဌာန်း၍ နောက်ဆုံး အတည်ပြု ထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ပုဒ်မ ၂၄ မှာ ပုဒ်မ ၂၃ အရ ချမှတ်သော ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည် ဟု ပြဋ္ဌာန်းထားပါတယ်။ ၎င်းပြဋ္ဌာန်းချက်မှာ ဆုံးဖြတ်ချက်ဟူသော စကားရပ်သည် ဆုံးဖြတ်ချက်တစ်ခုတည်းသာ အကျုံးဝင်သည့်သဘော သက်ရောက် နေပြီး ခုံရုံးကစီရင်ပိုင်ခွင့်အရ ဆုံးဖြတ်ထားသော အဓိပ္ပာယ်ဖွင့်ဆိုချက် သဘောထားတို့ဟာ အကျုံး မဝင်သည့်သဘော သက်ရောက်နေသည့်အတွက်ကြောင့် ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားတို့ အားလုံးအကျုံးဝင်စေရန်အတွက်လည်းကောင်း၊ နိုင်ငံတကာ ကျင့်စဉ်တွေနဲ့လည်း ကိုက်ညီသည့်အတွက်ကြောင့် လည်းကောင်း၊ ခုံရုံး၏ လုပ်ငန်းတာဝန်များ ပိုမိုလေးနက်ထိရောက် အောင်မြင်စေရန်အတွက် လည်းကောင်း ပြင်ဆင်ပြဋ္ဌာန်းရန် အဆိုပြုချက်အား အတည်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြ အပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ဒုတိယအချက် အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ပြင်ဆင်ချက်ဇယား စာမျက်နှာ(၈၂၉)၊ အမှတ်စဉ်(၁၉) ပါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂၅ ကို ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားတို့သည် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များနှင့်လည်းကောင်း သက်ဆိုင်ရာနေရာဒေသ အသီးသီးသို့ လည်းကောင်း၊ အာဏာသက်ရောက်စေရမည် ဟု ဖြည့်စွက်ဖော်ပြထားခြင်းနှင့် ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

၎င်း ဥပဒေပုဒ်မ ၂၅ ကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၄/၂၀၁၃ ဖြင့် အတည်ပြု ဖော်ပြထားခြင်းကို လိုအပ်၍ ပြန်လည်ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ ခုံရုံးမှ ချမှတ်သည့် စီရင်ချက် ဖြစ်သော အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားအသီးသီးတို့သည် အကျိုးသက်ရောက်မှု၊ အာဏာသက်ရောက်မှု မရှိပါက ခုံရုံး၏ ဆောင်ရွက်ချက်များသည် အကျိုးမရှိ အချည်းအနှီး ဖြစ်သွားနိုင် ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၆ တွင်လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဖွဲ့စည်းမှု၊ ဆက်သွယ်မှု၊ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ စသည် တို့ကို ဥပဒေပြဋ္ဌာန်း သတ်မှတ်ရမည် ဟု ပြဋ္ဌာန်းပေးထားပါတယ်။

ဒါကြောင့် ခုံရုံး၏ လုပ်ငန်းတာဝန်များ ပိုမိုလေးနက် ထိရောက်အောင်မြင်စေရန်နှင့် ခုံရုံး၏ အာဏာသက်ရောက်မှုကို တိတိကျကျ ရေးသားဖော်ပြရန် လိုအပ်သည့်အတွက် ခုံရုံး၏ အဓိပ္ပာယ်

ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားတို့သည် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များတွင်လည်းကောင်း၊ သက်ဆိုင်ရာ နေရာဒေသ အသီးသီးသို့လည်းကောင်း အာဏာသက်ရောက်စေရမည်ဟူသော ပြဋ္ဌာန်းချက်သည် မဖြစ်မနေ ပြဋ္ဌာန်းရန် လိုအပ်သည် ဟု မိမိအနေဖြင့် ထင်မြင်ယူဆသည့်အတွက် အတည်ပြုပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ က ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးတင်မြ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြ ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီဝင်လည်း ဖြစ်ပါတယ်။ ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေနဲ့ ပတ်သက်တဲ့ အစီရင်ခံစာကို တင်ပြသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၂၀၈<br>ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်

၁။ ပြည်ထောင်စုတရားလွှတ်တော်က ၂၇-၅-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကို အမျိုးသားလွှတ်တော်သို့ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာရာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၃-၆-၂၀၁၄ ရက်နေ့တွင် ယင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်များတွင် တရားမ မူလအမှုတန်ဖိုး အကန့်အသတ်မရှိ စီရင်ပိုင်ခွင့်ရှိသည့်အပြင် ပင်လယ်ရေကြောင်း အမှုစီရင်ပိုင်ခွင့်နှင့် ပတ်သက်၍ နိုင်ငံတကာသင်္ဘောများ ဝင်ထွက်သွားလာကြသည့် ဆိပ်ကမ်းများရှိသော တိုင်းဒေသကြီး/ ပြည်နယ်များ အပါအဝင် ပင်လယ်ရေကြောင်းအမှု လွှဲပြောင်းပေးပါက စစ်ဆေးစီရင်နိုင်ရန် ပင်လယ်ဆိပ်ကမ်း မရှိသော တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း အပ်နှင်းရန် လိုအပ်သည့်အတွက် ဤဥပဒေကို တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်

လေ့လာတွေ့ရှိချက်နဲ့ပတ်သက်လို့ (၂)ချက်ပဲရှိပါတယ်။ အပိုဒ်(၂)ရဲ့ (က)မှာ ဥပဒေကြမ်းရဲ့ ဥပဒေခေါင်းစဥ် အပိုဒ်(၁)မှာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ဆိုတဲ့ စကားရပ်ကို ရေးထုံးမှန်စေဖို့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄) ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။ (ခ) တင်ပြတဲ့ ဥပဒေကြမ်း အပိုဒ် ၂ မှာပါရှိတဲ့ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(ဃ) အား ပုဒ်မခွဲ(င)အဖြစ် ဆိုတဲ့ အသုံးအနှုန်းကို မြန်မာစာအရေးအသားနဲ့ ဆီလျော်အောင် ပုဒ်မ ၃၈၊ ပုဒ်မခွဲ(ဃ) ကို ပုဒ်မခွဲ(င) အဖြစ် ဆိုပြီးတော့မှ ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

အားလုံးကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဥ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဥ် ပြင်ဆင်ချက် -

ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄)

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။ )

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁

ဤဥပဒေကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄) ဟု ခေါ်တွင်စေရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂

ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(ဃ) ကို ပုဒ်မခွဲ(င) အဖြစ် ပြောင်းလဲ ပြင်ဆင်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

အပိုဒ် ၃ ကို မူလအဆိုပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက အတည်ပြုထား ပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ သည် မူလအဆိုပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးက ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ) အရ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးစိုးညွန့် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးစိုးညွန့် က ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၄) အား အမျိုးသားလွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုပေးပါရန် လေးစားစွာ အဆိုတင်သွင်းအပ် ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ပြည်ထောင်စု တရားစီရင်ရေးဥပဒေ ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန် တင်သွင်းသည့် အဆိုအား ကျွန်တော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်အေးထွန်း က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကိုကော်မတီကပြန်လည်ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးစိုင်းမြမောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာ ပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမြမောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊

၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၂၁၀
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၆ ရက်

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေ အမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး ၂၀-၃-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ ဥပဒေကြမ်းကော်မတီအပေါ် ပြည်သူ့လွှတ်တော်က ၂၅-၃-၂၀၁၄ ရက်နေ့ အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါသည်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၄-၆-၂၀၁၄ ရက်နေ့၌ ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၊ ရခိုင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးအုန်းတင် နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ ဦးငွေဝင်း (ခ) ဦးဇာယာဒ်ရော်မံ တို့က အကြံပြုဆွေးနွေးခဲ့ကြပါသည်။

လေ့လာတွေ့ရှိချက်

၂။ ပြည်သူ့လွှတ်တော်က အခြားပြင်ဆင်ချက် တစ်စုံတစ်ရာ ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ဘဲ ဥပဒေကြမ်း၏ ခေါင်းစဉ်နှင့် အပိုဒ် ၁ တို့၌ ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းသည့် ခုနှစ်ကိုသာ တိကျမှုရှိစေရန်အတွက် ၂၀၁၄ ဟု ဖြည့်စွက်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၃)ဦးနှင့် ဆွေးနွေးညှိနှိုင်းခဲ့ကြရာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လက်ခံသင့်ကြောင်း သဘောတူညီမှု ရရှိခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေး သဘောတူညီခဲ့ပြီးဖြစ်သဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် ပြန်လည်အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ညှိနှိုင်း ဆွေးနွေး သဘောတူညီခဲ့ပြီး ဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ခေါင်းစဉ် ပြင်ဆင်ချက် -

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ<br>(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀)ကို<br>ပြင်ဆင်သည့် ဥပဒေ(၂၀၁၄)

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။ )<br>၁၃၇၆ ခုနှစ်၊ လ ရက်<br>( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁

ဤဥပဒေကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ်၊ ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၄) ဟု ခေါ်တွင်စေရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၀း၅၅)နာရီတွင် ခေတ္တရပ်နားပြီး (၁၁း၁၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ လာမည့်ပါတီစုံ မည်သည့်ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် တင်သွင်းထားသည့် လာမည့်ပါတီစုံ မည်သည့် ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၃။**

**ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အထူးရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လူကြီးမင်းများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာတော်မူကြပါစေလို့ ဂါရဝပြု ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) က တင်သွင်းခဲ့တဲ့ အဆိုဟာ လာမယ့် ပါတီစုံ မည်သည့် ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော့်အနေနဲ့ ကန့်ကွက်စရာ မရှိပါဘူး။ သို့သော်လည်းပဲ ထောက်လည်း မထောက်ခံပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အဲဒီလိုပြောရခြင်းဟာ ကျွန်တော် မကန့်ကွက်ပါဘူး ဆိုတဲ့ အနေအထား သာဓကလေးနဲ့ ကျွန်တော်လေ့လာ လက်လှမ်းမီသလောက်၊ ဉာဏ်မီသလောက် လေ့လာမှတ်သားတဲ့ ဒီရွေးကောက်ပွဲစနစ်အပေါ်မှာ အခြေခံပြီးတော့ ကျွန်တော် ဆွေးနွေးသွားတဲ့အပေါ်မှာ မထောက်ခံဘူး ဆိုတဲ့ အပေါ်မှာလည်း သာဓက ကဏ္ဍလေးနဲ့ တကယ်လက်တွေ့ ဖြစ်ပေါ်နေတဲ့ အနေအထားအပေါ်မှာ နည်းနည်းယှဉ်ပြီးတော့ အကျဉ်းချုပ် တင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ တင်ပြချင်တဲ့ ကဏ္ဍကတော့ ကျွန်တော် နိုင်ငံရေးဆွေးနွေးပွဲတစ်ခုမှာ ဒေါက်တာအင်ဒရူး ရဲ့ စကားလေးတစ်ခွန်းကို ကျွန်တော် အနည်းငယ်လေး တင်ပြချင်ပါတယ်။ ဒါအချုပ်လေးပါ။ သူပြောတာက ကျွန်တော်တို့နိုင်ငံဟာ ဒီနေ့ ချီတက်နေတဲ့ ဒီမိုကရေစီလမ်းကြောင်းဟာ ကားအစုတ်တစ်စီးကို ပြင်ပြီးတော့ တောင်ပေါ်လမ်းကို တက်နေတာနဲ့ တူပါတယ်။ အဲဒီလို တက်တဲ့အခါကျတော့

ကားအစုတ်ကြီး ပြင်ပြီးမှ တက်တဲ့အချိန်မှာ အတက်မှာ ဆန္ဒစောပြီးတော့များ နင်းကန် ခပ်မြန်မြန် ရောက်အောင် တက်မယ်ဆိုရင် တကယ်လို့များ စက်ရပ်သွားပြီးတော့ ဘရိတ်ပေါက်ခဲ့သွားလို့ရှိရင် တောင်ထိပ်တော့ ရောက်မှာမဟုတ်ပါဘူး။ ရောက်စရာရှိတာက ချောက်ထဲပဲ ရှိပါတယ်။ အဲဒီလိုပါပဲ။ အဆင်းမှာ ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ဆန္ဒတွေ သိပ်စောပြီးတော့ အတင်းဆင်းပြီးတော့ ဘရိတ် လွတ်လို့ ပေါက်ခဲ့သွားတယ် ဆိုရင်လည်း ဘုတ်ဝဲတာ ကရင်လိုပြောတာ ဘုတ်ဝဲ ဆိုတာ ပွဲပြီးသွားပြီပေါ့။ တောင်ထိပ်လည်း ရောက်စရာ အကြောင်းမရှိပါဘူး။ အဲဒီ သူ့ရဲ့စကားလေးကို ကျွန်တော်က နည်းနည်းလေး သာဓကပြုချင်တာက ဒီစနစ် ရွေးချယ်တင်မြှောက်မှုစနစ်ဟာ ကျွန်တော် မကန့်ကွက်ရခြင်းဟာ ဒီနေ့ ကမ္ဘာ့နိုင်ငံဒီမိုကရေစီနိုင်ငံကြီးတွေမှာ တော်တော်များများကျင့်သုံးခဲ့တယ်လို့ အဆိုရှင်ကလည်း တင်သွင်း သွားပါတယ်။ ကျွန်တော် လေ့လာမိသလောက်ဆိုရင်လည်း တော်တော်များများ ကျင့်သုံးကြပါတယ်။ ကျင့်သုံးတဲ့အတွက်လည်း ကျွန်တော် မကန့်ကွက်ရခြင်း ဖြစ်ပါတယ်။

သို့သော် မိမိတို့ရဲ့နိုင်ငံ၊ မိမိတို့ရဲ့ ပထဝီဒေသ အနေအထားအရ မိမိတို့ရဲ့ ကာလဒေသ ဒီမိုကရေစီ ချီတက်နေတဲ့ လိုက်လျောညီထွေမှုရှိတဲ့ နိုင်ငံအနေနဲ့ ကျင့်သုံးတယ် ဆိုပေမယ့်လည်း ကျွန်တော်တို့ဟာ ခုနလို တောင်ပေါ်ကိုတက်တဲ့ ပြင်ထားတဲ့ ကားစုတ်တစ်စီးလို ဆန္ဒစောပြီး အဲဒီလိုပဲ လိုက်လုပ်ရတော့မယ်ဆိုရင် ကျွန်တော်တို့ စိုးရိမ်စရာလေးတွေများ ရှိနိုင်မလားလို့ ကျွန်တော် တစ်ကိုယ်တည်း ဆန္ဒလေး ဖြစ်မိပါတယ်။ စိုးရိမ်မှုဖြစ်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီထိပ်သီးနိုင်ငံ စူပါဒီမိုကရေစီ နိုင်ငံကြီးတွေတောင် သူ့ရဲ့ PR စနစ်ဆိုတဲ့ ဒီအချိုးကျဟာ တစ်နိုင်ငံလုံးတောင်မှ မသုံးတဲ့ နိုင်ငံတွေ ရှိပါတယ်။ တချို့သူ့ဒေသနဲ့ လိုက်လျောညီထွေတဲ့ စနစ်နဲ့ ခွဲပြီးတော့ သုံးတာတော့လည်း လေ့လာမိ ပါတယ်။ သူတို့တောင် အပြည့်အဝ မသုံးနိုင်သေး၊ လိုက်လျောညီထွေ မရှိသေးရင် ကျွန်တော်တို့နိုင်ငံ လက်ရှိ ဒီနေ့ ကျင့်သုံးခဲ့တဲ့ ၂၀၁၀ ခုနှစ်မှ မီတဲ့အပိုင်းပေါ့။ ဟိုအရင်ခေတ်တွေကို ကျွန်တော် မပြောပါဘူး။ ဒီမှာတောင် စကျင့်သုံးခဲ့တာ ၂၀၁၀ တစ်ခါပဲ ကျင့်သုံးရသေးတာ ရှိပါတယ်။ အဲဒီ ၂၀၁၀ ကျင့်သုံးခဲ့တာ တောင် ကျွန်တော်တို့ လက်တွေ့ တွေ့ကြုံရတဲ့ အနေအထားအရဆိုရင် ပြဿနာတွေ အများကြီးကို မပီပြင်မှုလေးတွေ၊ နောက်တစ်ခါ နားမလည်လို့ ဖြစ်ခဲ့တာတွေ၊ မဲဆန္ဒရှင်တွေ အင်မတန် နစ်နာခဲ့တာတွေ ရှိသလို ကိုယ်စားလှယ်ပိုင်းမှာလည်း နစ်နာခဲ့တာတွေ အများကြီးရှိပါတယ်။ ပါတီပိုင်းမှာလည်း နစ်နာခဲ့ တာတွေ အများကြီး ရှိပါတယ်။ အဲဒီတော့ အဲဒီလို နစ်နာတာကို ကျွန်တော် ပြောရရင်တော့ ကျွန်တော်တို့ ပြည်နယ် အနေအထားကြီးပဲလို့တော့ မထင်ပါဘူး။

ကျွန်တော်တို့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာတော့ သူ့ဒေသနဲ့သူကျတော့ အခက်အခဲတော့ ရှိကြ လိမ့်မယ်လို့တော့ ထင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြည်နယ်အနေနဲ့ဆိုရင်တော့ တော်တော်ကို ဆိုးပါတယ်။ ဘာကြောင့် ဆိုးသလဲဆိုရင် သာဓကလေးတစ်ခု ပြောချင်တာက ကျွန်တော်တို့ ပြည်နယ်ဒေသခံ တိုင်းရင်းသား အားလုံးဟာ နေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံးရဲ့ သိရှိမှု၊ နားလည်မှု၊ သဘောပေါက်မှု၊ မကျွမ်းကျင်မှု၊ အတွေ့အကြုံမရှိမှု အဲဒီကဏ္ဍလေးတွေဟာ ဒီနေ့အထိကို ဘာမှန်းမသိ၊ ညာမှန်းမသိ မရေမရာ ဖြစ်နေသေးတဲ့အချိန် ဖြစ်တယ်။ အဲဒါတောင် မကပါဘူး။ ကျွန်တော် လက်တွေ့ ဌာနဆိုင်ရာ အကြီးအကဲတွေကအစ၊ ပြည်နယ်အကြီးအကဲတွေကအစ အမျိုးသားလွှတ်တော်က ဘာလဲ။ ပြည်ထောင်စု လွှတ်တော်လား။ ပြည်နယ်လွှတ်တော်လား။ ပြည်နယ်အစိုးရအဖွဲ့လားတောင် မသိပါဘူး။ ဥပမာတစ်ခု ကျွန်တော် လက်တွေ့ ပြောမှာပါ။ ကျွန်တော်လွန်ခဲ့တဲ့ ရက်တော့ မမှတ်မိတော့ပါဘူး။ လွန်ခဲ့တဲ့ ၁၃၊ ၁၄ က အခြေခံပညာအထက်တန်းအောင်မြင်သွားတဲ့ ဂုဏ်ထူးရှင်(၃)ဘာသာနဲ့အထက် ဆုပေးပွဲမှာ ကျွန်တော်

တက်ရောက်ခဲ့ပါတယ်။ အဲဒီမှာက Announcer လုပ်တဲ့၊ ဒီ ကြေညာတဲ့ ဆရာမကို ကြည့်ရတာလည်း အထက်တန်းပြကျောင်းအုပ် မဟုတ်သည့်တိုင် အထက်တန်းပြအဆင့်ထက် တော်တော်မြင့်တဲ့ အဖွဲ့တွေက ကြေညာပါတယ်။ ကြေညာတော့ ဒီဆိုကို ဘယ်သူရပါတယ်။ ဘယ်အဖွဲ့ကနေပြီးတော့ ကြေညာလိုက်တဲ့ အခါမှာ ကရင်ပြည်နယ်အစိုးရအဖွဲ့ သေချာစီစဉ်ထားပြီးသား၊ Agenda စီစဉ်ထားပြီးသားလို့တော့ ဖြစ်လိမ့်မယ်ထင်တယ်။ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်၊ ဝန်ကြီး ဦးစောအောင်ကျော်မြင့် မှ ဆုပေးနိုင်ပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင် ဆိုတော့ ကျွန်တော် ကြည့်လိုက်တယ်၊ ကျွန်တော် မေးလိုက်တယ်။ ဒီ Announcer ဒါဆို ဝန်ကြီးလား၊ အစိုးရအဖွဲ့လား၊ လွှတ်တော်အဖွဲ့လား သူတို့တော့ မသိဘူးဗျာ။ ဒါအမှန်ပြောတာပါ။ ကျွန်တော့်မှာ သာဓက ရှိပါတယ်။ ကျွန်တော် သွင်းထားတဲ့ အသံတောင် ရှိတယ်။ ထားလိုက်ပါ ဒီဟာလေး ကျွန်တော် ပြောချင်တာက အဲဒီလိုနဲ့ပဲ ဒီကြားထဲမှာ ဖြစ်ချင်တော့ လွှတ်တော်ရဲ့အနေအထား၊ အစိုးရအဖွဲ့ရဲ့ အနေအထားတောင် မသိသေးဘူး။

ဆက်လက်ပြီးတော့ ဘာဆိုကို ကရင်ပြည်နယ်အစိုးရအဖွဲ့၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ကြည့်လိုက်တော့ ကျွန်တော် တစ်ယောက်ပဲ အမျိုးသားလွှတ်တော် ပါပါတယ်။ အဲဒီတော့ ကျွန်တော်လည်း ထရတော့မယ်။ ထမယ် လုပ်တော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဆွမ်ဟွာ မှ ဆု လာရောက်ပေးနိုင်ပါရန် ဆိုတော့ ကျွန်တော် ဒါ အဖြစ်အပျက်အမှန်ကို ကျွန်တော် တင်ပြတာပါ။ အဲဒီဌာနဆိုင်ရာ အကြီးအကဲတွေက ဒီလိုကဗျာ၊ ဒီနေ့အထိကို ကျွန်တော်တို့ ချီတက်လာတာ (၃)နှစ်ကျော် (၄)နှစ်ရှိနေတဲ့ ဒီစနစ်နဲ့ လာတာ တောင် မသိရင် အခု နောက်ထပ်လာတော့မယ့် ထပ်ပြီးတော့ ဒီ PR စနစ်ကို ပြန်သုံးလာမှာဆိုရင် အင်း ကျွန်တော်တို့ မဲဆန္ဒရှင်ပြည်သူတွေက မတော်ရင် ကျွန်တော်တို့ ရွာသာကြီးစိတ်ဆေးရုံကိုပဲ စီမံကိန်း ကြိုဆွဲထားရမလို ဖြစ်နေပြီ ကိုယ့်ကိုကိုယ် ကျွန်တော် မြင်ပါတယ်။ ၂၀၁၀ မှာ ဆန္ဒမဲပေးလိုက်တယ်။ ဒါကို အမှန်ခြစ်လိုက်ပါ။ ဟိုတုန်းကလည်း တိတိကျကျ အားလုံး လိုက်ပြီးတော့ စည်းရုံး၊ အကွက်စေ့အောင် မပြောနိုင်တော့ တစ်ဆင့်ကြားတစ်ဆင့်နဲ့ သွားတာတွေ ရှိတယ်။ ပြောတာတောင် တချို့နားမလည်တော့ ဥပမာပေါ့။ ဥပမာ မဟုတ်ပါဘူး။ တကယ် လက်တွေ့ပါ။ လက်တွေ့ကို ဥပမာအနေနဲ့ သာဓက တင်ပြမှာပါ။

အဒေါ်၊ အဘွား ကျွဲချိုနဲ့ ဖားစည် ကျွန်တော်တို့က ဖလုံစဝေါ်ဒီမိုကရေစီ ဆိုတော့ အရုပ်။ အဲဒီ တုန်းက ပါတီ(၃)ခုပဲ ရှိတယ်။ ကျွဲချိုနဲ့ဖားစည် အင်း ဟုတ်ပြီ။ ကျွဲချို၊ ဖားစည် ဘေးနားဆို အမှတ်ခြစ်လိုက် အဲဒီအမှတ်ခြစ်တာကို ကျင့်ဦး။ ကောက်ကောက်ကွေးကွေး မလုပ်နဲ့။ ကြည့် ဘာထည့်မလဲ။ ကျွဲချိုနဲ့ ဖားစည်။ ပြောတော့ ပြောပါတယ်။ ထည့်မယ်ကြည့်တဲ့အခါကျတော့ အကွက်မှာ ကြည့်တဲ့အခါကျတော့ ကျွဲချိုနဲ့ဖားစည်ကို ရှာလို့မတွေ့ဘူး။ မတွေ့ဘူးဆိုတာ ကြည့်လိုက်တဲ့အခါကျတော့ တစ်ပြင်လုံးက မဲနေတော့ သူ့ခမျာ ကျွဲချိုနဲ့ဖားစည်ကို ရှာမတွေ့တော့ ဘယ်ဟာခြစ်ရမှန်း မသိဘူး ဟော ဘာတွေ့လဲ စပါးတွေ့တယ် ခြစ်လိုက်တယ်။ တစည ဘာရယ်လို့တော့ မသိဘူး။ ခြစ်စရာမတွေ့တော့ မထူးပါဘူး။ ဒီစပါးက တို့ရဲ့လယ်သမားတွေက စပါးနဲ့ကိုက်တယ်ဆိုပြီး ခြစ်လိုက်ပါတယ်။ ခြစ်ပြီးတော့မှ ထည့်မယ် လုပ်တဲ့အခါကျတော့ ကြည့်လိုက်တော့ နည်းနည်းလေး စာဖတ်လိုက်တော့ မှတ်မိသွားတယ်၊ ကရင်စာ လေးပါ။ ဦးစောအောင်ကျော်နိုင် တော့ သူဖတ်မတတ်ဘူး။ ကရင်စာကိုတော့ သူသိတယ်။ ရှားဘူးဖော့ ဟာ ဒါ တို့လူပဲရော။ အဲဒီအချိန်ကျမှ အခုနက သူခြစ်လိုက်တာ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့။ အောင်ကျော်နိုင် ဟာ တို့လူပဲ ဆိုပြီး ခြစ်လိုက်တယ်။ သဘောက အဲဒီအနေအထားလေးတွေရှိတယ်။

ဒီကြားမှာတော့ မထင်ရင် ပယ်မဲဖြစ်မယ်နော်။ ဘာညာဆိုတော့ပေါ့။ အဲဒီတော့ သူလည်း သေချာအောင် ကျင့်ထားပြီးတော့ လာမှပဲ ဘောလ်ပင်ကို ဒီလိုလုပ်ပြီးမှ မထင်မှာကြောက်လို့ တံတွေးစွတ် လိုက်သေး။ ခြစ်လိုက်တော့ မပေါ်တော့ဘူး။ အဲဒီဟာလေးတွေ ဖြစ်နေတဲ့အချိန်ဟာ အဲဒီလိုတောင် ဖြစ်ခဲ့သေးတဲ့ အနေအထားမှာဆိုရင် ဒီနောက်ထပ် အလေ့အကျင့်မရှိသေးဘူး၊ အလေ့အကျင့်နည်းပါး နေသေးတဲ့ အခြေအနေမှာ နည်းနည်း စောများစောနေသေးသလားလို့ ဒါ ကျွန်တော့်ရဲ့ အမြင်လေးနဲ့ တင်ပြခြင်းပါတယ်။ ဒါကိုလည်း ဒေါက်တာမောင်မောင် ရဲ့ စကားကို ပြန်တွေးမိပါတယ်။ ဘာလို့ ဆန္ဒစောနေကြတာလဲ။ သည်းမခံနိုင်ကြတော့ဘူးလား ဆိုတာလေး ကျွန်တော် ပြန်တွေးမိပါတယ်။ အဲဒီကဏ္ဍလေးကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ သို့သော် ဒီစနစ်သည် မကောင်းဘူးလို့ ကျွန်တော် မပြောပါဘူး။ မဆိုလိုပါဘူး။ သူ့ကဏ္ဍနဲ့ သူ့ဒေသနဲ့ ကျင့်သုံးနေတဲ့အချိန်ကာလ၊ မဲဆန္ဒရှင်တွေရဲ့ နားလည်သဘောပေါက်မှု၊ နိုင်ငံရေးအပေါ် အမြင်ကျယ်မှုလေးတွေအပေါ်မှာ အခြေခံပြီးတော့ ကျင့်သုံး သွားမယ်ဆိုရင်တော့ ဘယ်ဟာကို ကျင့်သုံးသင့်သလဲ။ ဒါကို ကျင့်သုံးပါလို့ ကျွန်တော်တော့ မပြောပါဘူး။ ကျွန်တော်လည်း ဒီလောက်မကျွမ်းပါဘူး။ အဲဒီအပြင် ကျွန်တော် လေ့လာမိသလောက်ဆိုရင် အမျိုးသား လွှတ်တော်အတွက်သာ PR စနစ်ကျင့်သုံးခြင်း အဲဒီအဆိုကတော့ ကျွန်တော် မကန့်ကွက်ဘူး။ ဒါပေမဲ့ လက်တွေ့မဆန်ဘူးသလားလို့ ကျွန်တော် နည်းနည်းတွေးမိပါတယ်။

PR စနစ်ကိုလည်း ခုန အခြေအနေကြောင့် PR စနစ်ကို ပြန်သုံးမယ်။ ယောင်ဝါးနေတဲ့အချိန်၊ ဖြစ်နေတဲ့အချိန်ဟာ အမျိုးသားလွှတ်တော်အတွက်က PR ၊ ပြည်သူ့လွှတ်တော် အတွက်ကြတော့ ဘယ်လို လုပ်သွားတော့မလဲ။ RP လား။ ဒါမဟုတ်ရင်လည်း FPTP လား။ ဒါဆိုရင် တိုင်းနဲ့ ပြည်နယ်အတွက်ရော။ မဲဆန္ဒရှင်တစ်ဦးက သူကတော့ ပေးရတော့မှာပဲ တိုင်းနဲ့ပြည်နယ် တစ်ကဏ္ဍရှိရင် (၃)မျိုး။ ဘယ်လိုပြောရ တော့မလဲ။ ခုနက သူကြိုက်တဲ့အရုပ်ကိုတွေ့တော့ သူကြိုက်တဲ့အရုပ်၊ အမှတ်အသားကို ပေးလိုက်တာ။ နောက်မှ သူကြိုက်တဲ့နာမည် တွေ့တော့လည်း သူပေးလိုက်တယ်။ သူက သွားကိုက်သလားတော့ မပြောတတ်ဘူး။ အဲဒီလို ဖြစ်ခဲ့လို့ရှိရင် ကျွန်တော်တို့ ပြည်သူလူထုတွေ အနေနဲ့ကတော့ ဘယ်လိုမှ အဆင်ပြေနိုင်မှာ မဟုတ်ဘူးလို့တော့ ကျွန်တော် အဲဒီလို ခံယူမိပါတယ်။ အဲဒါကြောင့်မို့လို့ လွှတ်တော် အလိုက် စနစ်ပုံစံအမျိုးမျိုးနဲ့ ပြည်သူ၊ အမျိုးသား၊ တိုင်းနဲ့ပြည်နယ် ကျင့်သုံးမယ့်သဘော ဖြစ်တဲ့အတွက် မဲဆန္ဒရှင်ပြည်သူများကို စိတ်ရှုပ်စေခြင်း၊ စိတ်ညစ်စေခြင်း၊ စိတ်ဒုက္ခ ပေးတာနဲ့များ တူနေမလားလို့ ကျွန်တော် တစ်ကိုယ်တည်းအနေနဲ့ ခံယူမိပါတယ်။

နောက်တစ်ခုက အခုနက ဒီကာလကို ကျင့်သုံးမယ်ဆိုရင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌရဲ့ ပြည်ထောင်စုလွှတ်တော် နာယကထံမှာ ပေးပို့တဲ့စာအရသော်လည်းကောင်း၊ ကျွန်တော်တို့ နိုင်ငံရေးပါတီများ တွေ့ဆုံတဲ့အချိန်မှာ ပြောကြားချက်အရသော်လည်းကောင်း ဒီလက်ရှိ ကျင့်သုံးနေတဲ့စနစ်နဲ့ PR စနစ် ကျင့်သုံးမယ့် အနေအထား လွှတ်တော်က အဆုံးအဖြတ်ပေးမှ၊ အချိန်မီ ဆုံးဖြတ်ပေးမှသာ ၂၀၁၃ ခုနှစ် အချိန်အမီ အချိန်ပေးမှသာ ပြုပြင်စရာ၊ ပြင်စရာဟာတွေ လုပ်နိုင်မယ့် အတွက် အဲဒါတောင် ပြည်သူလူထုတွေ သဘောပေါက်နားလည်အောင် မဆိုထားပါနဲ့။ ကျွန်တော် ပွင့်ပွင့်လင်းလင်း ဝန်ခံပါရစေ။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေတောင် အားလုံး ဒီဟာကို ဂဃနဏ အားလုံး သဘောပေါက်ကြရဲ့လား။ ပေါက်ကောင်းပေါက်ကြပါလိမ့်မယ်။ ကျွန်တော် ဂုဏ်ဖော်ပြောခြင်း တော့ မဟုတ်ပါဘူး။ အားလုံးပေါက်ကောင်း ပေါက်လိမ့်မယ်။ ကျွန်တော်တစ်ယောက်ပဲ မပေါက်တာ လည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။

အဲဒါကြောင့်မို့ ဒါကို ပြန်ပြီးတော့ ခုနက လွယ်ကူနေတယ်လို့တော့ ထင်တာပဲ။ လွယ်တာ ခက်တာကတော့ တစ်ခါပဲကြုံသေးတယ် ဆိုတော့ လာမယ့်ဟာသည် လွယ်တာ ခက်တာလားတော့ ဘယ်လိုမှလည်း သုံးသပ်လို့ မရနိုင်သေးပါဘူး၊ ဒါ လူထုအနေနဲ့။ အဲဒီအတွက် အချိန်ဟာ အခုဆိုရင် ၂၀၁၄ ရဲ့ တစ်ဝက်ထဲကိုတောင် ဝင်နေပြီ။ ဒီအချိန်ကာလနဲ့ ကျွန်တော်တို့ ဖြစ်နိုင်မလား။ ဟို အမျိုးသား လွှတ်တော်ရဲ့ တစ်ခုတည်းနဲ့ ဖြစ်နိုင်မလား။ ကျန်တဲ့ ကဏ္ဍတွေရော ဖြစ်နိုင်ပါ့မလားဆိုတဲ့ ကဏ္ဍလေး တစ်ခုလည်း နည်းနည်းပြန်ပြီးတော့ စဥ်းစားသင့်ပါတယ်လို့ ကျွန်တော် ဆွေးနွေးချင်ပါတယ်။

နောက်တစ်ခုက ဒါကို မှားရင်လည်း ကျွန်တော် ကြိုတင် ခွင့်လွှတ်စေချင်ပါတယ်။ ဒီကဏ္ဍလေး စွတ်ပြီးတော့ လုပ်မယ်ဆိုရင် ပါတီတွေရဲ့ အားပြိုင်မှုမှာ ကျွန်တော်တို့ ပြည်နယ်ကိုယ်စားပြု တိုင်းရင်းသား ကိုယ်စားပြုတဲ့ ပါတီကို စိန်ခေါ်မှုများ ဖြစ်နေမလား။ ဖြစ်နေမလားတော့မဟုတ်ပါဘူး။ ဖြစ်ကိုဖြစ်ပါတယ်။ တစ်နိုင်ငံလုံး မဲဆန္ဒပေးနိုင်တဲ့ အရေအတွက်အပေါ်မှာ ကိုယ်စားလှယ်အချိုးကျ သွားမယ်ဆိုရင် ကရင်က ဟိုး ရခိုင်မှာ ဘယ်လိုမှ သွားပြီးတော့ လုပ်လို့မရဘူး။ ရခိုင် လည်း ကရင် မှာ လာလို့မရဘူး။ ဟိုး မွန် မှာ သွားလို့မရဘူး ဆိုရင်၊ တစ်ကယ်လို့ ဒါကို အားလုံးကျင့်သုံးလိုက်မယ်ဆိုရင် လွှတ်တော်ထဲမှာ တိုင်းရင်းသား ကိုယ်စားလှယ်တွေတောင် ပါလာနိုင်ပါတော့မလား။ အဲဒါ ဟိုပေါ့ ကျွန်တော် ဉာဏ်မမီလို့လားတော့ မသိဘူး။ လေ့လာမိသလောက်တော့ ကျွန်တော် အဲဒီလို တွေးမိပါတယ်။

အဲဒါကြောင့် တိုင်းရင်းသား မပါလာဘူးဆိုရင် ကျွန်တော်တို့ တိုင်းရင်းသား ပြည်ထောင်စု မြန်မာနိုင်ငံတော့မှာ၊ နေထိုင်ကြတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ စုပေါင်းနေထိုင်တဲ့နေရာမှာ တိုင်းရင်းသား ကဏ္ဍလေး မပါလာတော့ဘူးဆိုရင် ဘယ်လိုများ စိန်ခေါ်မှုလေးတွေ ဖြစ်နိုင်မလဲ ဆိုတဲ့ဟာလေးကို နည်းနည်းစဥ်းစားနိုင်အောင်လို့ ကျွန်တော် ပြောချင်ပါတယ်။ အဲဒီတော့ ကျွန်တော်ကဏ္ဍနောက်တစ်ခု ချုံ့ပြီးပြောတော့မှာက နောက်တစ်ခု ကျွန်တော်မြင်တာက လေ့လာမိသလောက် ဒီ PR စနစ် ပေးခြင်း အားဖြင့် အချိုးကျ ဖြစ်လာရင် ပါတီများအချင်းချင်း အားပြိုင်မှုများဖြစ်သလို ပါတီအတွင်းမှာရှိတဲ့ ကိုယ်စားလှယ် အချင်းချင်းရော စိတ်ဝမ်းကွဲပြားမှု၊ ယုံကြည်မှုလေးတွေ ပဋိပက္ခတွေရော မဖြစ်နိုင် ဘူးလား ဆိုတာ ကျွန်တော်က သဘောမပေါက်တော့ ဒါကို မေးခွန်းသဘောမျိုးလည်း ဖြစ်တယ်။ ဒါကို နားမလည်တဲ့သဘောနဲ့ မေးခြင်းသဘောလည်း ဖြစ်ပါတယ်။ အဲဒါကြောင့်မို့ PR စနစ်ကို ကျင့်သုံးဖို့ ဖြစ်လား၊ မဖြစ်လားတော့ မသိဘူး။ နောက်ဆုံး ကျွန်တော်တို့ရဲ့ တိုင်းရင်းသားအားလုံးရဲ့ ဆန္ဒအမြင်လေး တွေကို မေးကြည့်တဲ့အခါကျတော့ စိတ်ညစ်တာပဲ သိတယ်။ နားမလည်ဘူး။ စိတ်ရှုပ်သွားတာပဲ ရှိတယ်။ နောက်ဆုံး ကရင်တွေ ပြောပါတယ်။

ဘယ်သူပဲအုပ်ချုပ်၊ အုပ်ချုပ် ငါတို့ အလုပ်လုပ်မှ ငါတို့ တုပ်ရတယ်။ ငါတို့ကို စိတ်ရှုပ်အောင် မလုပ်ရင်ပြီးရော။ အဲဒီလိုအတိုင်းပဲ ရှိနေတဲ့နေရာမှာ စိတ်ရှုပ်အောင် လုပ်လိုက်ရင် ကျွန်တော်တို့ ဒီမှာ ပြဿနာတွေ အများကြီးများ ဖြစ်သွားမလားလို့ ပြောကြားရင်းနဲ့ တစ်ကယ်လို့များ တိုက်တိုက်တွန်းတွန်း မဖြစ်ဖြစ်အောင်လုပ်မယ် ဆိုရင်၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ပြောသွားသလို တိုက်တိုက်တွန်းတွန်းနဲ့ လုပ်လိုက်မယ်ဆိုရင် နောက် မဖြစ်သင့်/ မဖြစ်ထိုက်တာတွေ၊ မမှန်မကန်မှုလေးတွေ ပြဿနာဖြစ်သွားနိုင် သလိုပဲ ကျွန်တော်တို့ ပြည်နယ်တိုင်းရင်းသားပါတီတွေအနေနဲ့ ဖြစ်သွားနိုင်တဲ့အတွက် ဆန္ဒအားလုံးကို ခြုံပြီးပြောရရင် ပြည်နယ်ကိုယ်စားပြု တိုင်းရင်းသားပါတီတွေက သော်လည်းကောင်း၊ ပြည်နယ် တိုင်းရင်းသားရဲ့ မဲဆန္ဒရှင်သော်လည်းကောင်း၊ ကျွန်တော် ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့ သည်

လည်းကောင်း၊ တခြားနေရာမှာ ကျင့်သုံးရင် ကျင့်သုံးပါ။ ပြည်နယ်မှာ ကျင့်သုံးဖို့အတွက် လုံးဝ လုံးဝ လုံးဝ ကန့်ကွက်ပါတယ် လို့ ပြောကြားရင်းနဲ့ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြင့်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၁။**

**ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်တော်အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ပဏာမဆုတောင်းပေးလိုက်ပါတယ်။ ကျွန်တော်ကတော့ အချိုးကျကိုယ်စားပြုတဲ့စနစ်ကို ကန့်ကွက်ပြီး တိုတိုနဲ့လိုရင်း တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံသမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ၁၉၅၁၊ ၅၂၊ ၅၆၊ ၆၀၊ ၁၉၉၀၊ ၂၀၁၀၊ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတိုင်းမှာ FPTP ခေါ်တဲ့ မဲအများဆုံးရသူ အနိုင်ယူကြတဲ့ စနစ်နဲ့ ကျင့်သုံးခဲ့ပါတယ်။ ဒီဟာကလည်း ကျွန်တော်တို့နိုင်ငံမှာ အသားကျနေပြီလို့ ပြောမယ်ဆိုရင် ပြောလို့ရပါတယ်။ ဒါပေမယ့်လည်း ကျွန်တော့်ရဲ့ အတွေ့အကြုံအရ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ၊ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမှာ ကျွန်တော့်ရဲ့ အတွေ့အကြုံအရ ပြောရမယ်ဆိုရင် ကျေးလက်နေပြည်သူတွေ၊ အခြေခံပြည်သူတွေဟာ ဒီမဲကို ကောင်းစွာ မပေးတတ်သေးပါဘူး။ ဒါကြောင့် ဒီ PR စနစ်ကို ကျင့်သုံးမယ်ဆိုရင် ရှုပ်ထွေးပြီး ခက်ခဲတဲ့ မဲစနစ်ဖြစ်တဲ့အတွက် ဒီနေ့ တိုင်းပြည်ရဲ့ အခြေအနေ အချိန်အခါနဲ့ လုံးဝသင့်လျော်မှု မရှိသေးဘူးဆိုတာ ပထမအချက်အနေနဲ့ တင်ပြလိုပါတယ်။

ဒုတိယအချက်အနေနဲ့ တင်ပြချင်တာကတော့ ဒီ PR စနစ်ဟာ အခြေခံဟာ ပါတီကို အခြေခံတာ ဖြစ်ပါတယ်။ ကျွန်တော့်အတွေ့အကြုံအရ ကျွန်တော်တို့ မဲဆန္ဒရှင်ပြည်သူတွေဟာ ပါတီကို အခြေခံသလို လွှတ်တော်ကိုယ်စားလှယ်အကြောင်းကို ကောင်းကောင်းသိချင်ကြပါတယ်။ Biography တွေ ကျွန်တော်တို့ အများကြီးဝေကြရပါတယ်။ နောက်တစ်ခါ လွှတ်တော်ကိုယ်စားလှယ်ဟာ သူတို့ဇာတိမြေကို ကိုယ်စားပြုတဲ့သူတွေ ဖြစ်ချင်ကြပါတယ်။ သူတို့နဲ့ တိုက်ရိုက်ထိတွေ့ ဆက်ဆံမှုတွေကို လိုအပ်ပါတယ်။ အချိန်ကျရင် သူတို့ အမြဲတမ်း တွေ့ချင်ကြပါတယ်။ ဒီအခု PR စနစ်မှာ ပြည်သူတွေနဲ့ ကိုယ်စားလှယ်ဟာ တိုက်ရိုက်ဆက်ဆံမှု အားနည်းပါတယ်။ တာဝန်ခံမှု အားနည်းပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်ပြည်သူတွေရဲ့ လိုအင်ဆန္ဒတွေအားလုံးကို ကောင်းစွာဖြည့်ဆည်းပေးနိုင်လိမ့်မယ် မဟုတ်ဘူးလို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်အနေနဲ့ ကျွန်တော်ပြောရရင် ကျွန်တော်တို့ တိုင်းပြည်ကြီးဟာ ဒီအချိန်မှာ အင်မတန်မှ အရေးကြီးတဲ့အချိန်ကို ရောက်နေပါတယ်။ ကျွန်တော်တို့ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးတွေ လုပ်နေပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ စစ်မှန်တဲ့ Federal ပြည်ထောင်စုစနစ်ကို ဖော်ဆောင်ဖို့ လုပ်နေပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးကို ကျွန်တော်တို့ လုပ်ဆောင်နေပါတယ်။ ဒီလိုအရေးကြီးတဲ့ အချိန်အခါ ကာလကြီးမှာ ဒီ PR စနစ်ဟာ ကျွန်တော်တို့ ပြည်တွင်း

ရှုပ်ထွေးမှုတွေရော ဖြစ်မလာနိုင်ဘူးလားဆိုတဲ့ အချက်ကိုလည်း ကျွန်တော်တို့ သေသေချာချာ စဉ်းစားကြရမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်အနေနဲ့ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေပါတယ်လို့ ပြောတဲ့အချိန်မှာ ကျွန်တော်တို့ လွှတ်တော်ဟာ အားကောင်းတဲ့ လွှတ်တော် ဖြစ်ရမယ်။ ခိုင်မာတဲ့ အားကောင်းတဲ့ အစိုးရတစ်ရပ်ကို ဖြစ်ရမှာ အင်မတန်မှ အရေးကြီးပါတယ်။ သူတို့ရဲ့ ဦးဆောင်မှုနဲ့ ကျွန်တော်တို့ လုပ်ကိုင်သွားကြရမှာပါ။ ဒီလို ဒီအချိန်အခါမှာ ကျွန်တော်တို့ PR စနစ်ကို ကျင့်သုံးခြင်းအားဖြင့် အားနည်းတဲ့ လွှတ်တော်၊ ချည့်နဲ့တဲ့ ညွန့်ပေါင်းအစိုးရများ ပေါ်ပေါက်လာပြီး အစွန်းရောက်တဲ့သူတွေ ဟုတ်လား။ အကြမ်းဖက်ဝါဒီများ လွှတ်တော်ထဲ ရောက်လာမယ့် ဒီ PR စနစ်ကို အမြန်ဆုံး အကောင်အထည်ဖော်မယ်ဆိုရင် တိုင်းပြည်အတွက် အင်မတန်မှ ကြီးလေးတဲ့အန္တရာယ်တွေကို ကျရောက်နိုင်တယ်လို့ ကျွန်တော့်အနေနဲ့ လုံးဝဥဿုံ ယုံကြည်ပါတယ်။ နောက်တစ်ချက်အနေနဲ့ PR စနစ်ကို ကျင့်သုံးမယ်ဆိုရင် ပြည်ထောင်စုပြည်နယ်အားလုံး တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်မှာ ယှဉ်ပြိုင်မှု ကနေပြီးတော့ ဟန့်တားမှုတွေ အများကြီး ဖြစ်ပေါ်လာနိုင်ပါတယ်။

ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ကျွန်တော် ပြောရမယ်ဆိုရင် ကျွန်တော်တို့ အချုပ်အခြာအာဏာပိုင်ရှင်၊ မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူတွေရဲ့ ဆန္ဒသဘောထား၊ လက်ရှိ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်နေတဲ့ ပကတိ အခြေအနေတွေ၊ စနစ်တစ်ခုကို ပြောင်းလဲမယ်ဆိုရင် အချိန်၊ ငွေ၊ သူတို့ကို ပညာပေးတဲ့လုပ်ငန်းတွေ အများကြီး ကျွန်တော်တို့ လုပ်ဆောင်ကြရဦးမှာပါ။ ဒါကြောင့် ဒီနေ့၊ ဒီရက်၊ ဒီအချိန်အခါ အနေနဲ့ ဒီအဆိုဟာ လုံးဝမသင့်တော်ကြောင်း ကျွန်တော် ကန့်ကွက်ပါတယ်။ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၅။**

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်ခင်ဗျား။ ဒေါ်ခင်ဝိုင်းကြည် တင်သွင်းတဲ့ အဆိုနဲ့ ပတ်သက်လို့ ကျွန်တော် အနည်းငယ် ဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်တော်တို့ အဓိကအားဖြင့် ယခင် အတိတ်သမိုင်းကြောင်းရဲ့ အခြေအနေ တွေကိုလည်း ကျွန်တော်တို့ ပြန်ပြီးတော့ ကြည့်ဖို့လိုပါတယ်။ လက်ရှိအခြေအနေကိုလည်း၊ ပြီးခဲ့တဲ့ မကြာသေးခင်က ဖြစ်ပျက်ခဲ့တဲ့ အခြေအနေလည်း ကျွန်တော်တို့ ပြန်သုံးသပ်ကြည့်ဖို့ လိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်(၇)ခုစီ ကျွန်တော်တို့ ရှိတဲ့နေရာမှာ ဗမာတိုင်းရင်းသားလူမျိုးစု အများစုက တိုင်းဒေသကြီးတွေမှာ ရှိပါတယ်။ အခြားတိုင်းရင်းသား မျိုးနွယ်စုများကို အခြေခံတဲ့ တိုင်းရင်းသားများဟာ ပြည်နယ်များမှာ နေကြတာ ဖြစ်ပါတယ်။ ဒို့အပြင် ကျွန်တော်တို့ ပြည်နယ်/တိုင်းအချို့မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေလည်း ကျွန်တော်တို့ ရှိနေတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ လက်ရှိအခြေအနေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကဏ္ဍတွေကို ပိုင်းခြားပြီးတော့ ကျွန်တော်တို့ အပြန်အလှန်ထိန်းညှိ ဆောင်ရွက်လျက် ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့ ကျင့်သုံးနေတာ ဖြစ်ပါတယ်။

အဲဒီတော့ ဒီလိုအခြေအနေမျိုးကိုရောက်အောင် ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ ဒါ ကျွန်တော် အနည်းငယ် တင်ပြလိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကတော့ ဘာပဲဖြစ်ဖြစ် ဒီ နိုင်သူအကုန်ယူစနစ်နဲ့ ကျွန်တော်တို့ လုပ်ခဲ့တဲ့အတွက်ကြောင့် တချို့လည်းပဲ ဒါ (၈၀)၊ (၉၀) ရာခိုင်နှုန်းနဲ့ ကျွန်တော်တို့ နိုင်ခဲ့ပါတယ်။ တချို့လည်း (၃၅)၊ (၄၀)ရာခိုင်နှုန်းနဲ့ အနိုင်ယူခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က (၃၅)၊ (၄၀)ရာခိုင်နှုန်း၊ မဲဆန္ဒရှင်ရဲ့ (၃၅)၊ (၄၀)ရာခိုင်နှုန်းပဲ ရတဲ့ပုဂ္ဂိုလ်က ဒီ လွှတ်တော်ထဲမှာ ဒီ မဲဆန္ဒနယ်မြေရဲ့ အကျိုးစီးပွား၊ နိုင်ငံတော်ရဲ့ အကျိုးစီးပွားတွေကို ကျွန်တော်တို့ တင်ပြတဲ့အခါမှာ ကိုယ်စားလှယ်အားလုံးရဲ့ ကျွန်တော်တို့ လိုလားတဲ့ ပုဂ္ဂိုလ်များ မဟုတ်ဘူးဆိုတာ ကျွန်တော်တို့ တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒီ နိုင်သူအကုန်ယူစနစ်နဲ့ လာမယ့်ရွေးကောက်ပွဲကိုလည်းပဲ ဒီလိုလုပ်မယ်ဆိုရင် အခုအချိန်မှာ ကျွန်တော်တို့ဟာ ဘာပဲပြောပြော ကျွန်တော်တို့ ဒီ တွေးခေါ်ယူဆသုံးသပ်တဲ့ ဉာဏ် အင်မတန် မြန်လာပါတယ်။

ဒါကြောင့်မို့လို့ အခု ကျွန်တော်တို့ ဘယ်လိုလုပ်နေသလဲ။ အခု နိုင်သူ အကုန်ယူစနစ်မှာ လူ(၁၀၀)မှာ (၅၁)ယောက် ကျွန်တော် နိုင်လို့ရှိရင် ကျွန်တော်နိုင်ပြီ။ အဲဒီတော့ လူ(၁၀၀)မှာ (၉၉)ယောက် ရဖို့ ကျွန်တော် ကြိုးစားဖို့ မလိုပါဘူး။ အဲဒီတော့ (၅၁)ယောက်ရဖို့ပဲ ကျွန်တော် ကြိုးစားမယ်။ အဲဒီတော့ ကျွန်တော့်မဲဆန္ဒနယ်မြေမှာ တစ်ပိုင်းပိုင်းလိုက်ပြီးတော့ ဟိုဘက်က တစ်ယောက်လောက်ရရင် ကျွန်တော် နိုင်တဲ့သဘောရှိနေပါတယ်။ အဲဒီတော့ ယှဉ်ပြိုင်မယ့်ပုဂ္ဂိုလ်ရဲ့ ကြိုးစားမှုနဲ့ မဲဆန္ဒကို ကိုယ်စားပြုမယ့် ပုဂ္ဂိုလ်တွေဟာ ကျွန်တော်တို့ ဒီစနစ်အရဆိုရင် ဒါ ကျွန်တော်တို့ အများကြီးအားနည်းချက်တွေရှိတယ် ဆိုတာ လေ့လာတွေ့ရှိနိုင်ပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့နိုင်ငံမှာ အခုဆိုရင် ဘာပဲပြောပြော အမျိုးသားပြန်လည် ရင်ကြားစေ့ရေး၊ တိုင်းရင်းသားစည်းရုံးညီညွတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရဖို့ကို ကျွန်တော်တို့က အကြိတ်အနယ်လုပ်နေရတဲ့ အချိန်ဖြစ်ပါတယ်။ ဒါဟာလည်းပဲ နှစ်ပေါင်း(၆၀)လောက် ကျွန်တော်တို့ လုပ်ခဲ့ကိုင်ခဲ့ပါပြီ။ ဒီ အခြေအနေဟာ အခုအချိန်အထိ ကျွန်တော်တို့ အဖြေ မရရှိသေးပါဘူး။ အဲဒီတော့ ဒီ လက်နက်ကိုင် အဖွဲ့အစည်းများ ရှိနေသရွေ့ ကာလပတ်လုံး နိုင်သူအကုန်ယူဆိုတဲ့စနစ်နဲ့ ကျွန်တော်တို့ မဲဆန္ဒနယ်မြေအားလုံးမှာ တရားမျှတမှု လုံးဝမရှိနိုင်ဘူးဆိုတာ ကျွန်တော်တို့ ရဲရဲတင်းတင်း ကျွန်တော်တို့ ပြောဆိုရဲပါတယ်။ အခုလက်ရှိ ပါတီကြီးများ၊ ကျွန်တော် ဒါ ပါတီကြီးဆိုတာ ကျွန်တော်တို့နိုင်ငံမှာ (၂)ခုပဲ ရှိတယ်။ အခုလောလောဆယ်မှာ။ အဲဒီတော့ ကြီးတာတော့ရှိတယ်။ တစ်နိုင်ငံလုံး ရွေးကောက်ပွဲဝင်တယ်။ မနိုင်တာပဲ ရှိပါတယ်။ အဲဒီတော့ ဒီ ပါတီကြီး(၂)ခုတောင်မှ ကျွန်တော်တို့ ဒီလက်နက်ကိုင်တွေရဲ့ နှောင့်ယှက်မှုတွေ အများကြီးခံနေရတယ်ဆိုတာ ကျွန်တော်တို့ နေ့စဉ်သတင်းစာမှာ ကြည့်လို့ရှိရင် တွေ့နိုင်ပါတယ်။ အဲဒီတော့ ဒီ တရားမျှတနိုင်မှုမရှိနိုင်တဲ့ ရွေးကောက်ပွဲစနစ်ကို ဒီအတိုင်းပဲ ကျွန်တော်တို့ ဆက်သွားမလား။ အဲဒီတော့ အရင်တုန်းက ဖြစ်ခဲ့တဲ့ အခြေအနေတွေလည်းပဲ ကျွန်တော်တို့ ဒါ ပါလီမန် ရွေးကောက်ပွဲစနစ်တွေမှာ ကြည့်ရင်လည်း နိုင်သူအကုန်ယူစနစ်နဲ့ သွားတဲ့အတွက်ကြောင့် အဲဒီလိုသာ မဟုတ်ဘဲနဲ့ ဒါ PR စနစ်များ အဲဒီတုန်းက ကျင့်သုံးခဲ့မယ်ဆိုရင် ဗမာပြည်ကွန်မြူနစ်ပါတီဟာ တောတောင် ခိုပါ့မလား။ စားပွဲပေါ်မှာ ဆွေးနွေးရင်း လွှတ်တော်ကို ဝင်လာနိုင်မလား ဆိုတဲ့ဟာမျိုး ကျွန်တော်တို့ အများကြီး စဉ်းစားစရာ ရှိပါတယ်။

နောက်တစ်ချက်ကလည်း ဒါ အဲဒီတုန်းက ပါတီကြီးဟာ အစိတ်စိတ်အမွှာမွှာ ကွဲခဲ့ပြီး တိုင်းပြည်ရဲ့ အန္တရာယ်ရောက်မယ့် အခြေအနေမျိုးကိုလည်း ရောက်ခဲ့တဲ့အတွက်ကြောင့် အဲဒီတုန်းကလို ကျွန်တော်တို့ PR စနစ်များ ကျင့်သုံးရင် ဒီပါတီကြီးတွေလည်း ပြိုကွဲမယ့်အခြေအနေများ မရောက်နိုင်ဘူးလား ဆိုတာ ကျွန်တော်တို့ စဉ်းစားနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီလို ကွဲပြဲတာတွေဟာ တပ်မတော်အထိ ဂယက်ရိုက်ခဲ့တာတွေ ရှိပါတယ်။ အဲဒီတော့ လာမယ့် ရွေးကောက်ပွဲတွေမှာ ဒီလို အခြေအနေမျိုး ပြန်မဖြစ်နိုင်ဘူးလို့ ကျွန်တော်တို့ လုံးဝအာမခံလို့ မရနိုင်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ကတော့ ဘာပဲဖြစ်ဖြစ် ဒီ အားနည်းချက်တွေ အများကြီးရှိခဲ့တာကို အတိတ်ကာလကလည်း ကျွန်တော်တို့ ကြုံခဲ့ပြီးပါပြီ။ မကြာသေးမီက ဖြစ်ခဲ့တဲ့ ရွေးကောက်ပွဲတွေမှာလည်း ဒီလိုပုံစံမျိုးတွေဟာ အများကြီး ကျွန်တော်တို့ တွေ့ခဲ့ပါတယ်။ အဲဒီတော့ အကောင်းဆုံးကတော့ ကျွန်တော်တို့ မဲဆန္ဒရှင်များ အများစု ကျွန်တော်တို့ ဆန္ဒရှိတဲ့ပုဂ္ဂိုလ်များ ပါလာရင် ကျွန်တော် လွှတ်တော်အတွင်းမှာ အင်မတန် ဒီမိုကရေစီ နည်းလမ်းကျတဲ့စနစ်ကို ကျွန်တော်တို့ ရရှိနိုင်မယ်လို့ ကျွန်တော် သုံးသပ်တင်ပြလိုပါတယ်။

အဲဒီတော့ ကျွန်တော်တို့ကတော့ ဘာပဲဖြစ်ဖြစ် ဒီနေရာမှာ မြန်မာတစ်နိုင်ငံလုံးကို စဉ်းစားဖို့ အတွက် ကျွန်တော် ဒီလို မဆိုလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ ကို ကိုယ်စားပြုပြီး ကျွန်တော် ဒီကိုရောက်လာတာ ဖြစ်ပါတယ်။ ကျွန်တော့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွက် ကျွန်တော် တစ်ယောက်တည်း ရှိပါတယ် ဒီမှာ။ အဲဒီတော့ အခြား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပုဂ္ဂိုလ်များလည်းပဲ တစ်ယောက်ဆီပဲ ကျွန်တော်တို့ ဒီမှာရှိနေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကတော့ တစ်ယောက်ပဲ ရွေးချယ်ခံရမှာ ဖြစ်တဲ့အတွက်ကြောင့် PR စနစ်ဆိုတာ ကျွန်တော်တို့က ဘာမှပြောစရာ အကြောင်း မရှိပါဘူး။ အဲဒီတော့ ဘယ်နှစ်ပါတီရွေးရွေး ကျွန်တော်တို့က တစ်ယောက်ထဲ အရွေးခံရမှာ ဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့က ဒီ PR စနစ်တို့၊ FPTP စနစ်တို့ ပြောဆိုဖို့ ကျွန်တော်တို့ မရှိပါဘူး။

သို့သော်လည်းပဲ ကျွန်တော်တို့ ပါတီများတဲ့ မဲဆန္ဒနယ်တွေ၊ အထူးသဖြင့် တိုင်းဒေသကြီး တွေမှာ ဒီစနစ်ကို ကျွန်တော်တို့ ကျင့်သုံးသင့်တယ်လို့ ကျွန်တော်ထင်မြင်ပါတယ်။ ဒါ အရေးလည်းကြီး ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လူလည်းများတယ်။ ပါတီလည်း များတယ်။ အယူအဆတွေလည်း များတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီစနစ်ကို ကျင့်သုံးခြင်းအားဖြင့် ဘာပဲပြောပြော ပါတီတွေမှာ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်ကြီးများ၊ ခေါင်းဆောင်ကြီးများ၊ အများကြီး ကျွန်တော်တို့ လွှတ်တော်ထဲကို ရောက်လာနိုင်တဲ့ အနေအထား ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ဒါ ဒီစနစ်ဟာ ကျင့်သုံးသင့်တဲ့ စနစ်တစ်ခုဖြစ်ကြောင်း ကျွန်တော် ဆွေးနွေးတင်ပြလိုပါတယ်။

ဒီစနစ်ကို ကျင့်သုံးဖို့ အတွက် ဒါ အမြန်ဆုံး၊ မကြာမီ ကြားဖြတ်ရွေးကောက်ပွဲ လုပ်မယ်ဆိုရင် တော့ မမီနိုင်ဘူး ဆိုတာလည်းပဲ ကျွန်တော့်ရှေ့က ဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ထောက်ပြသွားပြီး ဖြစ်ပါတယ်။ ဒီလာမယ့် ကြားဖြတ်ရွေးကောက်ပွဲ လုပ်မယ်ဆိုရင်တော့ ဒီစနစ်က မမီနိုင်ဘူး။ သို့သော်လည်းပဲ ၂၀၁၅ အတွက် လုပ်မယ်ဆိုရင် ဒါ ရှုပ်ထွေးတယ်တို့၊ ဘာတို့ ပြောရင်ရနိုင် ပေမယ့် တကယ်တမ်းကျတော့ ပြီးခဲ့တဲ့ လွှတ်တော်ရွေးကောက်ပွဲစနစ်အရ လူနာမည်ရယ်၊ ပါတီ တံဆိပ်ရယ် ပါလို့ရှိရင် ကျွန်တော်တို့က ဒါ မဲပေးလို့ရတာ ဖြစ်ပါတယ်။ အတူတူပါပဲ။ ကျွန်တော်တို့ အရေးကြီးတာက ရွေးကောက်ပွဲကော်မရှင်မှာပဲ အလုပ်ရှုပ်သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အနေနဲ့ တော့ ဒီစနစ်ကျင့်သုံးခြင်းအားဖြင့် ဘယ်နယ်မြေတွေမှာ ကျွန်တော်တို့ ထူးခြားမှု ရှိနိုင်သလဲဆိုရင်

တိုင်းဒေသကြီးတွေမှာ ကျွန်တော်တို့ အများကြီး သက်ရောက်မှု ရရှိနိုင်ပါတယ်။ အဲဒီတော့ အားလုံး တစ်နိုင်ငံလုံး အတိုင်းအတာအတွက် မရနိုင်ဘူးဆိုတာ ကျွန်တော် ခုနက တင်ပြသလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေမှာ မဖြစ်နိုင်ပါဘူး။

အဲဒီတော့ ဒီရွေးကောက်ပွဲတွေမှာ အမျိုးသားလွှတ်တော်အတွက် ကျွန်တော်တို့က ပြည်နယ် တိုင်းတစ်ခုလျှင် (၁၂)ဦးနှုန်း ရွေးကောက်တင်မြှောက်ရမှာ ဖြစ်တဲ့အတွက်ကြောင့်၊ အခြေခံဥပဒေမှာ ဒီလို ပြဆိုထားတဲ့အတွက်ကြောင့် ဘယ်စနစ်နဲ့ရွေးရွေး၊ ကျွန်တော်တို့ ဒါ ရွေးချယ်နိုင်တဲ့ အခြေအနေရှိပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ် ရွေးချယ်ရာမှာ အချိုးကျစနစ်ကို ကျင့်သုံးဖို့အတွက် ကျွန်တော် ထောက်ခံဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၄။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ အမျိုးသားလွှတ်တော် ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ရဲ့ အဆိုပြုတင်သွင်းတဲ့ PR စနစ်ကို ကျွန်တော် အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီ PR စနစ်နဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ လွန်ခဲ့တဲ့ (၃)၊ (၄)ရက်ကတည်းက အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အသီးသီး ကိုယ့်ရဲ့အမြင်၊ ကိုယ်ရဲ့အတွေ့အကြုံ ပေါ်မှာ မူတည်ပြီးတော့ ဆွေးနွေးသွားကြခဲ့တာကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကြားသိမြင်တွေ့ရပြီး ဖြစ်ပါတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံးဟာ ယခင်ကတည်းက ဒီ PR စနစ်ကို မိမိရဲ့ လေ့လာသိရှိချက်အရ သော်လည်းကောင်း၊ အခုထပ်မံပြီးတော့ အများဆွေးနွေးလာကြတဲ့အချိန်မှာ ထပ်မံပြီးတော့ အတွေ့အကြုံ အသစ်တွေ၊ အဆန်းတွေ ကြားမြင်သိရှိရတာကိုလည်း ဒါ ပိုမိုပြီးတော့ ပြည့်စုံတယ်လို့ ကျွန်တော် ယုံကြည် ပါတယ်။ အဲဒီတော့ ဒီ PR စနစ်နဲ့ စပ်လျဉ်းပြီး ကမ္ဘာပေါ်မှာ ကျွန်တော်တို့ ရွေးကောက်ပွဲစနစ်အမျိုးမျိုး ရှိတယ်ဆိုတာလည်း ကျွန်တော်တို့ လေ့လာသိရှိရပြီး ဖြစ်ပါတယ်။ အဲဒီအမျိုးမျိုးသော ရွေးကောက်ပွဲစနစ် ထဲမှာ အထင်ပေါ်ဆုံး၊ ကမ္ဘာပေါ်ရှိနိုင်ငံကြီးများ အများစုအသုံးပြုတာကတော့ ကျွန်တော်တို့ ဒီ စနစ်ကြီး (၂)ခု ဖြစ်ပါတယ်။

ပထမ(၁)ခုက အများသိကြတဲ့အတိုင်းပဲ FPTP စနစ်နဲ့ ကျွန်တော်တို့ ဒီ PR စနစ်တို့ပဲ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကနေ့ ဆွေးနွေးတာကလည်းပဲ PR စနစ်နဲ့ FPTP စနစ်ကို ကျွန်တော်တို့ ဆွေးနွေးနေခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကိစ္စကို လွှတ်တော်အတွင်းမှာ ကျယ်ကျယ် ပြန့်ပြန့်ဆွေးနွေးပြီးသား ဖြစ်တဲ့အတွက်ကြောင့် ဒီ ရွေးကောက်ပွဲစနစ်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော် အနေနဲ့ အထူးတလည် ပြန်လည်ဆွေးနွေးဖို့ မလိုအပ်တော့ပါဘူး။ အချိန်ကို ငဲ့ကွက်သောအားဖြင့် ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ကမ္ဘာ့နိုင်ငံအသီးသီးက ဒီစနစ်ကို ကျင့်သုံး တာဟာ သူကြိုက်လို့၊ အလိုအလျောက်ကြိုက်လို့၊ အချိုးဖြစ်လို့ ကြိုက်တယ်။ ဟို နိုင်သူ အကုန်ယူ ဆိုတဲ့

စနစ်ကို ကြားသိရလို့ ကြိုက်ရုံနဲ့ ဒီစနစ်ကို ကျင့်သုံးမယ် မဟုတ်ဘူး ဆိုတာတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး သိရှိပြီးသား ဖြစ်ပါတယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။

အဲဒီတော့ ဒီ နိုင်ငံအားလုံးက ဘယ်ပေါ်မှာ အခြေပြုသလဲ ဆိုတော့ သူရဲ့တိုင်းပြည်၊ သူ့ရဲ့နိုင်ငံ သဘောသဘာဝနဲ့ အခြေအနေပေါင်းစုံကို လေ့လာသုံးသပ်ပြီးမှ ဒီစနစ်ဟာ အားလုံး ဆိုးသွမ်းတယ်။ ဒီ စနစ်ဟာ ဒီစနစ်ထက်တော့ နည်းနည်းသာတယ် ဆိုတာထက် တကယ်ပဲ သူရဲ့ ရေမြေသဘာဝနဲ့ကိုက်ညီတဲ့ အနေအထားအပေါ်မှာ အခြေပြုပြီးတော့ ဒီ ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးလာကြတယ်ဆိုတဲ့ အကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ နိုင်ငံအခြေအနေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့လည်း ဒီကနေ့ ကျင့်သုံးဖို့နေရာမှာ ကျွန်တော်တို့နိုင်ငံရဲ့ ရေမြေသဘာဝ၊ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေ၊ ကျွန်တော်တို့နိုင်ငံရဲ့ နေထိုင်တဲ့ တိုင်းရင်းသားလူမျိုးများ အားလုံးရဲ့အခြေအနေကို ကျွန်တော်တို့ အခြေပြုပြီးတော့ ဆွေးနွေးဖို့တော့ လိုအပ်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အဲဒီတော့ ကျွန်တော်ကိုယ်တိုင် ဒီကနေ့ မြန်မာနိုင်ငံမှာ ပြုလုပ်တဲ့ ရွေးကောက်ပွဲစနစ်များတွေကို ဖြတ်သန်းကြည့်လာတဲ့အချိန်မှာ ကျွန်တော် တွေ့မြင်သိရှိရတဲ့အချက်ပေါ်မှာ ကျွန်တော်တို့ဘယ်စနစ်ကို ကျင့်သုံးသင့်သလဲဆိုတဲ့ဟာကို ကျွန်တော်ကိုယ်တိုင် သုံးသပ်ရရှိတဲ့ အချက်အလက်ကလေးတွေကို ကျွန်တော်က တင်ပြလိုပါတယ်။

ကျွန်တော်က ဒီရွေးကောက်ပွဲစနစ်ကိုလည်းပဲ အကြိမ်ကြိမ်ပဲ ကျွန်တော် ဖြတ်သန်းလာခဲ့တယ်။ ဥပမာ - ကျွန်တော်တို့ ၁၉၇၄ ခုနှစ်၊ ရွေးချယ်တင်မြှောက်ပွဲတုန်းကလည်းပဲ ကျွန်တော်က ဟိုပန်မြို့နယ်၊ ရွေးချယ်တင်မြှောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ တစ်ယောက်အနေနဲ့လည်း ကျွန်တော် ထမ်းဆောင်လာ ခဲ့ပြီးသား ဖြစ်တယ်။ အဲဒီတော့ ဒီ မဲပေးစနစ်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီ ပြည်သူတို့ရဲ့ အနေအထားကို ကျွန်တော်တို့ဟာ သုံးသပ်ဖို့ လိုအပ်ပါတယ်။ ပထမဆုံးအရေးကြီးဆုံးကတော့ ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုတာက ဒီ ရွေးကောက်ပွဲစနစ်ကို ရွေးချယ်တဲ့နေရာမှာ နံပါတ်(၁) ကျွန်တော်တို့ရဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နဲ့ ကိုက်ညီမှု ရှိ/မရှိ ဆိုတဲ့အချက်ကို ကျွန်တော်တို့ သုံးသပ်ဖို့လိုလိမ့်မယ်။ နံပါတ်(၂) ကျွန်တော်တို့နိုင်ငံရဲ့ ထူးခြားတဲ့ ဝိသေသလက္ခဏာ သဘောသဘာဝနဲ့ သမိုင်းအစဉ်အလာတွေကိုလည်း ကျွန်တော်တို့ ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။

နောက်ပြီးတော့ ကျွန်တော်တို့ မြန်မာ့ လူအဖွဲ့အစည်းရဲ့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ကိုးကွယ်တဲ့ ဘာသာများနဲ့ ဆီလျော်မှု ဘယ်လိုရှိသလဲ ဆိုတာကို ကျွန်တော်တို့ သုံးသပ်ဖို့လိုအပ်တယ်။ နံပါတ်(၄)အချက်အနေနဲ့ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများရဲ့ စည်းလုံးညီညွတ်မှုကိုလက်တွေ့ပိုမိုဖော်ဆောင်နိုင်ခြင်း ရှိ/မရှိ ဆိုတဲ့အချက်ကိုလည်း ကျွန်တော်တို့ ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ နောက်ပြီးတော့ နံပါတ်(၅) လူနည်းစု တိုင်းရင်းသားလူမျိုးများရဲ့ မွေးရာပါ အခွင့်အရေး၊ အခွင့်အလမ်းများကို လက်လွတ်ဆုံးရှုံးနစ်နာစေတဲ့ အချက်အလက်များ ပေါ်ပေါက်ခြင်း ရှိနိုင်/မရှိနိုင် ကျွန်တော်တို့ ဒါလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ နောက်နံပါတ်(၆)အနေနဲ့ နိုင်ငံသူ/နိုင်ငံသားများရဲ့ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်၊ လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်၊ ရေးသားခွင့်၊ ဖြန့်ဝေခွင့်များ ထိခိုက်ခြင်း ရှိ/မရှိ။ ဒါကို ကျွန်တော်တို့လည်း သုံးသပ်ရမှာ ဖြစ်ပါတယ်။ နံပါတ်(၇)အနေနဲ့ နိုင်ငံတော်အမျိုးသားရေး ဦးဆောင်မှု၊ လုပ်ကိုင်မှု အခန်းကဏ္ဍမှာလည်းပဲ လူနည်းစုတိုင်းရင်းသားများအနေနဲ့

ပါဝင်ထမ်းဆောင်နိုင်တဲ့ အနေအထားပိုမိုပြီးတော့ ဖြစ်ထွန်းမှု သို့မဟုတ် သေးသိမ်ပျောက်ကွယ်မှုများ အခြေအနေကိုလည်း ကျွန်တော်တို့ ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။

နောက် နံပါတ်(၈)အနေနဲ့ ပြည်သူတစ်ရပ်လုံး မျှော်မှန်းတမ်းတတဲ့ ဒီမိုကရေစီနိုင်ငံတော် ဖွံ့ဖြိုး တိုးတက်လာအောင် မလိုလားအပ်တဲ့ နှောင့်နှေးကြန့်ကြာမှုတွေ ရှိ/မရှိ။ နောက်ဆုံးတစ်ချက်က ကျွန်တော်တို့ ဒီ ရွေးကောက်ပွဲစနစ် PR စနစ်ဟာ ကျွန်တော်တို့ ဒီ တစ်ပါတီအာဏာရှင်စနစ် ပေါ်ပေါက်ရေး၊ တစ်ပါတီ စနစ် လက်ဝါးကြီးအုပ်ရေး စသည့် အခွင့်အလမ်း ပေါ်ထွန်းနိုင်/ မပေါ်ထွန်းနိုင် စတဲ့အချက်တွေကို ကျွန်တော်တို့က ဒါ သုံးသပ်ပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။

အဲဒီ အချက်အလက်တွေနဲ့ ကျွန်တော်ချုပ်ပြီးတော့ အတိုချုပ်ပဲ တင်ပြရမယ်ဆိုလျှင် ကျွန်တော်တို့ PR စနစ် ဟာ ကျွန်တော်တို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လားလားကြီး ဆန့်ကျင်တယ်လို့ ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဟာ မူလအားဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပြီးတော့ တိုင်းရင်းသားလူမျိုး များ အားလုံး နိုင်ငံရေးအဝန်းအဝိုင်းမှာ တိုင်းရင်းသားလူမျိုးများ အားလုံးရဲ့ အသံကို ဒီ အမြင့်ဆုံးသော အာဏာပိုင် အဖွဲ့အစည်း၊ ဥပဒေပြုအဖွဲ့အစည်းဖြစ်တဲ့ လွှတ်တော်ကို ပို့ဆောင်နိုင်တဲ့ အနေအထားကိုလည်း စွမ်းဆောင်တာကို တွေ့ရှိရတယ်။

အကယ်၍ ကျွန်တော်တို့သည် PR စနစ်ကိုရွေးချယ်ပြီးတော့ ကျင့်သုံးမယ်ဆိုရင် ဒီ တိုင်းရင်းသား လူမျိုးများအားလုံးက ဒီ ရွေးကောက်ပွဲမှာ အနိုင်ရရဲ့သားနဲ့ အချိုးစနစ်အရ ခုန ကျွန်တော်တို့ လွှတ်တော် နေရာမှာ နေရာ မရရှိတော့ဘူးဆိုရင်တော့ ဒီတိုင်းရင်းသားလူမျိုးများရဲ့ အသံတွေလည်း ပျောက်ကွယ် တယ်။ ဒီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေက ဒီကနေ့ ပြဋ္ဌာန်းထားတာက တိုင်းရင်းသား လူမျိုးများရဲ့ အခွင့်အရေးကို ကျွန်တော်တို့ တစ်ပြည်နယ်ကို (၁၂)ယောက်လောက် ကိုယ်စားလှယ်တွေ ရွေးချယ်ခြင်း ဖြစ်ရသလို၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများတွေကိုလည်း သီးခြားကိုယ်စားလှယ်ကိုလည်း ဒါ သတ်မှတ် ပေးထားပါတယ်။ အဲဒါတင် မကဘူး။ ကျွန်တော်တို့ တိုင်းရင်းသား လူမျိုး အငယ်ဆုံးရဲ့အသံကိုလည်း လွှတ်တော်မှာ ရောက်ရှိအောင်ပင် ဆောင်ရွက်နေတဲ့အတွက်ကြောင့် (၀.၁)ရာခိုင်နှုန်းရှိတဲ့ တိုင်းရင်းသား များကိုပင် ကျွန်တော်တို့လွှတ်တော်မှာ ရောက်ရှိလာဖို့ အခွင့်အလမ်းတွေ အများကြီးပေးထားတာကို လည်း ကျွန်တော်တို့ တွေ့ရှိရတယ်။

ဒါကြောင့် ဒီကိစ္စတွေကို ကျွန်တော်တို့ ထည့်သွင်းမစဉ်းစားမိဘဲနဲ့ PR စနစ်ကို ကျင့်သုံး သွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီတိုင်းရင်းသားလူမျိုးများရဲ့ ဒီ နိုင်ငံရေးဆောင်ရွက်မှု အခန်းကဏ္ဍမှာ အမြင့်ဆုံးသော နိုင်ငံတော်ရဲ့ ဥပဒေပြုအာဏာ အဖွဲ့အစည်းမှာ အသံကို မကြားရတော့တဲ့အတွက် ကြောင့် ကျွန်တော်တို့ရဲ့ တိုင်းပြည်အတွင်းမှာ ကျွန်တော်တို့ မသိလိုက်ရတဲ့ကိစ္စကြောင့် မလိုလားအပ်တဲ့ ကိစ္စတွေလည်း ပေါ်ပေါက်လာရင် ဘယ်လိုဖြေရှင်းသွားကြမယ် ဆိုတဲ့အချက်ကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ အဲဒီတော့ နောက်တစ်ခု အဲဒီလို ဖြစ်လာလို့ရှိရင် ကျွန်တော်တို့ ဒီ နိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လားလားကြီးဆန့်ကျင်တဲ့အတွက် တကယ်လို့များ ကျွန်တော်တို့က အသုံးပြုချင်တယ် ဆိုလို့ရှိရင်တောင်မှ ကျွန်တော်တို့ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြီးတော့ အရင်ဆုံး ပြင်ဆင်မှ သာလျှင် ဒီ နည်းဥပဒေဖြစ်တဲ့ ရွေးကောက်ပွဲစနစ်ကို ကျွန်တော်တို့က ရေးဆွဲနိုင်မှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပင်မဥပဒေ ဖြစ်တဲ့အတွက်ကြောင့် ဒီလို ကျွန်တော်တို့

ပြန်လည်ပြုပြင်ရန် လိုအပ်ခြင်းဖြစ်တယ်လို့ တင်ပြတာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုတည်း ပြင်ဆင်ရုံ မကဘူး၊ ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင် ဥပဒေကိုလည်း အများကြီးရေးဆွဲရမယ်။ နည်းဥပဒေ တွေလည်း ရေးဆွဲရမှာ ဖြစ်တဲ့အတွက်ကြောင့် ဒီကိစ္စဟာ PR စနစ်ကို အခု လောလောလတ်လတ် ဖြစ်ဖြစ်၊ နောင်အခါမှာပဲ ဖြစ်ဖြစ်၊ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ ကျင့်သုံးဖို့ အလွန်ပဲ ခက်ခဲတယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။

ဒုတိယအချက်က ကျွန်တော်တို့ရဲ့ ထူးခြားတဲ့ဝိသေသ သဘောလက္ခဏာနဲ့ သမိုင်းအစဉ်အလာ။ ကျွန်တော်တို့ နိုင်ငံသားဟာ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုး၊ ဘာသာ၊ စကားတွေဟာ ကွဲပြားနေတော့ ကျွန်တော်တို့ ဒီဥစ္စာက အားလုံးသော အသံကို ကျွန်တော်တို့ ကြားကြပြီးမှပဲ ကျွန်တော်တို့ ဆောင်ရွက်တယ်။ ဥပမာ အနေအထားအရ ကျွန်တော်တို့နိုင်ငံက သမိုင်းရာဇဝင်အရ အရင်ကတည်းက ဒီ တိုင်းရင်းသားလူမျိုးများအားလုံး စုစုစည်းစည်း၊ ကျွန်တော်တို့ ရန်သူကို တိုက်တာပဲဖြစ်ဖြစ်၊ တခြား ပွဲလမ်းသဘင်ကိစ္စရှိတာပဲ ဖြစ်ဖြစ်၊ အားလုံးကျွန်တော်တို့ စုစုစည်းစည်းနဲ့ လုပ်ကြတယ်။ ဥပမာ - ကြီးမားတဲ့ပွဲတွေ ဆောင်ရွက်တာကို အချင်းချင်းဖိတ်ကြသလို ကျွန်တော်တို့နိုင်ငံက ပြည်ပနိုင်ငံကို တိုက်ခိုက်တဲ့အချိန်မှာလည်းပဲ အနော်ရထာမင်း လက်ထက်ကတည်းက ဒုတိယမြန်မာနိုင်ငံတော်ကို တည်ဆောက်တဲ့ ဘုရင့်နောင် တို့၊ နောက်ဆုံး ကျွန်တော်တို့ ဒီကနေ့ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ လွတ်လပ်ရေးတိုက်ပွဲကြီး ဝင်တဲ့အထိ တိုင်းရင်းသားလူမျိုးပေါင်းစုံ ဒီလိုပဲ ကျွန်တော်တို့ ကောင်းတဲ့ အစဉ်အလာနဲ့ ကျွန်တော်တို့ ပူးတွဲပြီးတော့ ဆောင်ရွက်ခဲ့တဲ့ အလေ့အထတွေကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိရတယ်။ အကယ်၍ သဘောသဘာဝအရ ဒီ တစ်ဦးအပေါ်တစ်ဦး နားလည်မှုမရှိလာတဲ့ အချိန်၊ အသံမကြားရတဲ့ အချိန်မှာဆိုလို့ရှိရင် ဒီပူးပေါင်းဆောင်ရွက်မှုတွေ တော်တော်အားနည်းလာမယ် လို့ ကျွန်တော် သုံးသပ်ရရှိပါတယ်။

နောက်ပြီးတော့ PR စနစ်က မိမိအဖွဲ့အစည်းကို မိမိ PR စနစ်မှာ ဝင်ရောက်အရွေးချယ်ခံဖို့ အများကြီး အခွင့်အလမ်းတွေကို ရှာဖွေလို့ရတယ်။ အဲဒီတော့ တကယ်လို့ ငွေရှင်၊ ကြေးရှင်တစ်ဦးအနေနဲ့ သော်လည်းကောင်း၊ အဖျက်လုပ်လိုသောသူများ အနေနဲ့သော်လည်းကောင်း၊ ဒီ PR စနစ်အရ အာဏာ တစ်ခုကို ရရှိအောင် ဆောင်ရွက်ချင်လို့ ရှိရင်လည်း ဒီ ဘာသာစကားမတူတဲ့ လူမျိုးစု၊ ဒီ ဘာသာရေးအရ ကိုးကွယ်ယုံကြည်မှု အဖွဲ့အစည်း၊ သီးခြားရှိတဲ့ အဖွဲ့အစည်းတွေကိုလည်း အလွယ်တကူ ဝင်ရောက် စည်းရုံးနိုင်မှုများတွေ ကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိရတယ်။

အဲဒီတော့ ကျွန်တော်တို့ နောက်တစ်ခုအနေနဲ့ဆိုလို့ရှိရင် တိုင်းရင်းသားလူမျိုးများရဲ့ ဒီ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်နိုင်ခြင်း ရှိ/မရှိ။ ဒါတွေကို ကျွန်တော်တို့ ခုနပြောတဲ့ အချက်အလက်တွေ ပေါ်မှာ မူတည်ပြီး စိတ်ဝမ်းခွဲမှုမရှိအောင်၊ တကယ်လို့များ ဒီပြဿနာ၊ ဒီမလိုလားအပ်တဲ့ ပြဿနာတွေ ပေါ်ပေါက်လာလို့ရှိရင်လည်း ဒါမလိုလားအပ်တဲ့ စိတ်ဝမ်းကွဲမှုတွေလည်း ပေါ်လာနိုင်တယ်လို့ ကျွန်တော် သုံးသပ်မိပါတယ်။ အဲဒီတော့ ဒီလိုဖြစ်လာတဲ့အချိန်မှာ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေး ကတော့ ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ နောက်တခြားကိစ္စတွေတော့ ကျွန်တော်တို့ ဒါ ပြောမယ်ဆိုရင် ကျွန်တော်လည်း တော်တော်လေး ပြောခဲ့ပြီးပြီ။ နောက်ဆုံးတစ်ချက် အများကပြောနေကြတယ်။ ကျွန်တော်တို့ တကယ်လို့ PR စနစ်ကို ကျင့်သုံးမယ်ဆိုလို့ရှိရင် တစ်ပါတီအာဏာရှင်စနစ် ပေါ်ထွန်းနိုင်ခြင်းမရှိဘူး။ ဒီလို ကျွန်တော်တို့ နိုင်သူအကုန်ယူ ဆိုတဲ့ စနစ်ကို ကျင့်သုံးရင် ပေါ်ပေါက်နိုင်တယ်လို့ ဒီလိုယူဆကြတယ်။ ဒါနဲ့

ကျွန်တော့်အနေနဲ့တော့ ဒါနဲ့ ပြောင်းပြန်ပြီးတော့ ကျွန်တော်သုံးသပ်မိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တစ်ပါတီစနစ်ကို ကျင့်သုံးလာတဲ့အချိန်မှာ ကျွန်တော်တို့ တစ်ဖွဲ့ PR စနစ် ဆိုရင်တော့ ကျွန်တော်တို့ အဖွဲ့အစည်းတစ်ခုရှိလာပြီ။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာလည်းပဲ အတိုက်အခံ ဆိုတာတော့ မရှိဘူး။ မဲရှုံးသူက ဒါ နိုင်ငံအတွက် အလုပ်မလုပ်ဘူးလို့တော့ ကျွန်တော်တို့ ဆိုလို့မရဘူး။ မဲရှုံးသူက အတိုက်အခံ ပါတီကြီးတစ်ခုအနေနဲ့ နေမယ်ဆိုရင် တိုင်းပြည်အတွက် အင်မတန် အကျိုးရှိပါတယ်။ အဲဒီတော့ ပြည်သူများအတွက် ဒီ အစိုးရအဖွဲ့အစည်းရဲ့၊ ဒီ ဥပဒေပြုအဖွဲ့အစည်းရဲ့ လုပ်ဆောင်ချက်ကို အမြဲတမ်း လေ့လာပြီးတော့ တောက်လျှောက်ကြည့်ပြီးတော့ ဒါ ဝေဖန်ပြောဆို အကြံပြုတဲ့ကိစ္စတွေ ပေါ်ပေါက်လာ လို့ရှိရင် ကျွန်တော်တို့ ခုန အာဏာရတဲ့ အဖွဲ့အစည်းက ဘယ်အရာကိုမှ လက်လွတ်စပယ် လုပ်တော့မယ် မဟုတ်ဘူး။ လက်ရဲဇက်ရဲလည်း လုပ်လာမယ် မဟုတ်ဘူး။ ကျွန်တော်တို့ PR စနစ်ကတော့ ကြည့်လိုက်ရင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုပြီးတော့ ဖြစ်ထွန်းစေတယ်လို့ ယူဆကြပြီးမှ ဒီလို မလိုလားအပ် တဲ့ ကိစ္စရပ်တွေ မရှိဘူးလို့ ဆိုလိုက်တာဟာ ဒါက ကျွန်တော့်အနေနဲ့ အပြည့်အဝ မှန်ကန်တယ်လို့ မယူဆ ပါဘူး။

အဲဒီလို PR စနစ်က တကယ်လို့များ ဖြစ်ထွန်းလာလို့ရှိရင် ကျွန်တော်တို့ ဒီ နိုင်ငံတော်ရဲ့ လုပ်ငန်းမှာလည်း ဇဝေဇဝါ နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်ပေါ်တတ်တယ်။ ငြင်းတာနဲ့ပဲ ကျွန်တော်တို့ အချိန်ကုန်မယ်။ နောက် တစ်ပါတီနဲ့ တစ်ပါတီ စည်းရုံးပြီး အပေးအယူလုပ်တဲ့ကိစ္စတွေလည်း ဒါ ပေါ်ပေါက်လာနိုင်တယ်။ အဲဒီတော့ ပိုမိုပြီးတော့ ဆိုးဝါးတဲ့ အမွေအနှစ်တွေကို ကျွန်တော်တို့နိုင်ငံက ခံစား သွားရမှာ ဖြစ်ပါတယ်။ သူ့ကို အကြံပြုလာတဲ့လူက မရှိတော့ဘူး။ ဟုတ်ပြီ။ PR စနစ်ကို ကျင့်သုံးတဲ့အချိန် ကျန်တဲ့ပါတီတွေလည်း ပါပါတယ်လို့ ဆိုချင်တဲ့သူ၊ စောဒကတက်ချင်တဲ့ ပုဂ္ဂိုလ်တွေလည်း ရှိချင် ရှိမယ်။ ခုနကျွန်တော်တို့ PR စနစ်ဆိုလာတဲ့ အချိုးများတဲ့သူကတော့ ဦးဆောင်နေမှာပဲ။ အဲဒီတော့ သူက ဒီလိုဖြစ်လာတဲ့အချိန်မှာ သူ့လူကို သူရအောင် နည်းအမျိုးမျိုးနဲ့ စည်းရုံးသိမ်းသွင်းပြီးတော့ ဒီ သူ့ရဲ့ အလိုကျ အသုံးချသွားနိုင်မယ့် ကိစ္စတွေလည်း ရှိပါတယ်။ အဲဒီအချိန်မှာ သူ့ကို ဝေဖန်ထောက်ပြနိုင်တဲ့ လူတွေ မရှိတော့တဲ့အတွက်ကြောင့် သူဟာ မသမာသော ရည်ရွယ်ချက်နဲ့ဖြစ်ဖြစ်၊ မသမာသော မိမိရဲ့ ကိုယ်ကျိုးအတွက်ကြောင့်ပဲ ဖြစ်ဖြစ် ဒါက ထောင်ပေးရင် ရာပစ် ဆိုတဲ့ မြန်မာ့လူမှုနယ်ပယ်စကားတွေက ပေါ်လာတတ်ပြီးမှ ဒီကိစ္စတွေ ဒီလိုလုပ်ဆောင်သွားတဲ့ အနေအထားတွေလည်း ရှိတတ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တိုးတက်ဖွံ့ဖြိုးမှု တည်ဆောက်တဲ့နေရာမှာလည်းပဲ ခုန အငြင်းအခုံတွေနဲ့ ပြီးဆုံးသွားပြီးတော့ ကန့်ကွက်မှုတွေနဲ့ နှောင့်နှေးကြန့်ကြာသွားမယ့် အနေအထား တွေလည်း တွေ့တဲ့အတွက်ကြောင့် ဒါက အတားအဆီးတစ်ခု ဖြစ်ပါတယ်လို့၊ ဥပမာ ဒီ ကနေ့ ဘယ်ဟာက အမှန်၊ ဒီကနေ့ ကြုံတွေ့နေရတဲ့ ဒီ ကျွန်တော်တို့ နိုင်ငံတော် ယန္တရားကြီး တည်ဆောက်မှု လုပ်ငန်းတွေ၊ ဆိုင်းငံ့ထားတဲ့ ဥစ္စာတွေ ဒါလေးတွေဟာ ဒါ ခုနတုန်းက ကျွန်တော်တို့ ဘေး ပြောတာကို ကျွန်တော်တို့ ယောင်ယောင်နဲ့ အလုပ်မဖြစ်လိုက်တဲ့ ဟာတွေ ဒါ စသည်ဖြင့် အချက်အလက်များတွေကို ကျွန်တော်တို့ တွေ့ကြုံရခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့တော့ ဒီမှာ အကြံပြုတင်ပြလိုတာကတော့ ကျွန်တော်တို့ ဒီ PR စနစ်ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် ဘယ်အခါမှ အကျိုးပေးမယ် မဟုတ်ဘူးလို့ ကျွန်တော် အလေးအနက် ယုံကြည်တယ်။ အကြောင်းက ကျွန်တော်တို့ လူမျိုးစုတစ်ခုက ဒီ ဥပဒေပြုအာဏာ အဖွဲ့အစည်း၊ အုပ်ချုပ်ရေးအာဏာ အဖွဲ့အစည်းထဲကို ရောက်မလာနိုင်တဲ့ စနစ်တစ်ခုပဲ ဖြစ်တယ်။ ဥပမာ

ဟုတ်ပြီ အခု (၀.၁)ရာခိုင်နှုန်း ဆိုလိုက်တဲ့အချိန်မှာ ဥပမာ ကျွန်တော်တို့ သန်းပေါင်း(၆၀)ထဲက ဗမာလူမျိုးစုက သန်းပေါင်း(၄၀) ရှိပြီးတော့၊ ထားဦးတော့ ကရင်ကလည်း (၁၀)သန်းလောက် ရှိတယ် ဆိုပါစို့၊ နောက် အခုအချိန်မှာ (၀.၁)ရာခိုင်နှုန်းရှိတဲ့ တိုင်းရင်းသားလူမျိုးက ဒါ သူက တိုးတက်လာလို့ သူကလည်း (၁)သန်းလောက်ရှိလာတယ်ဆိုပါစို့၊ ဒီ အချိုးတွေက တက်တက်သွားမယ်ဆိုရင် ဒီ လူမျိုးစုငယ်ဟာ ဘယ်လိုမှ ခေါင်းမထောင်နိုင်တော့ဘူး။ သူ့ အသံကလည်း ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံရဲ့ ထိပ်ပိုင်းနေရာမှာလည်း ဘယ်အခါမှ မရောက်နိုင်တော့ဘူး။

အဲဒီတော့ ခုန အချိုးနဲ့ ဆိုလာတဲ့အချိန်မှာ ကျွန်တော်တို့ ပြည်နယ်မှာလည်းပဲ (၁၂)ဦးစီ ရရှိတဲ့ အချိုးတောင်မှပင် ကျွန်တော်တို့ ရသင့်သလောက် ပြည်နယ်ရဲ့ ခံစားခွင့်ကို --------

**ဥက္ကဋ္ဌ။** ။ အချိန်စေ့ပြီ။

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၂း၀၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်ကျင်းပတော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးထွန်းကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၇။**

**ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ဟာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းကျော် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်(၁)၏ ဒေါ်ခင်ဝိုင်းကြည် ၏ လာမည့်ပါတီစုံ မည်သည့် ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာမှာ အချိုးကျ ကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေ ပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်

သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံနဲ့ ကိုက်ညီမယ့် ရွေးကောက်ပွဲစနစ်ကို ရွေးချယ်ကျင့်သုံးပြီး မိမိတို့ရဲ့လွှတ်တော်၊ အစိုးရတို့ကို တရားဥပဒေနဲ့အညီ ရွေးချယ်ကြရခြင်း ဖြစ်ပါတယ်။ အဓိကအားဖြင့် ရွေးကောက်ပွဲစနစ်(၃)မျိုးရှိပါတယ်။ First Past The Post - FPTP စနစ်၊ Proportional Representation System - PR စနစ်နဲ့ Mixed Member Proportional System - MMP စနစ် ဆိုပြီးတော့မှ (၃)မျိုးအဓိကရှိပါတယ်။ ပြီးခဲ့တဲ့ရက်များနဲ့ ဒီကနေ့မှာ အရင်ဆွေးနွေးနှင့်ပြီးဖြစ်ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဟာ Power Point ၊ Figure နှင့်တကွ ပြည့်စုံစွာ ရှင်းလင်းဖော်ပြထားပြီး ဖြစ်တဲ့အတွက် မိမိအနေနဲ့ ရွေးကောက်ပွဲစနစ်ကို မဆွေးနွေးတော့ပါ။ ရွေးကောက်ပွဲစနစ်တိုင်းသည် အားသာချက်၊ အားနည်းချက် ရှိတာချည်း ဖြစ်ပါတယ်။ မိမိတို့မြန်မာနိုင်ငံရဲ့ လက်ရှိ ပကတိ အခြေအနေအမှန်ကို တင်ပြပြီး မည်သည့် ရွေးကောက်ပွဲစနစ် ကျင့်သုံးရင် ပိုမိုသင့်လျော်မယ်ဆိုတာ High-light လုပ်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ (၁၃၅)မျိုး စုပေါင်းနေထိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ရောင်စုံဝတ်စုံများဝတ်တဲ့ တိုင်းရင်းသားများစုပေါင်းနေထိုင်တဲ့ နိုင်ငံဖြစ်တဲ့အလျောက် Colourful Country ဟု ကမ္ဘာ့အလယ်မှာ ကျော်ကြားတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ ပထဝီအနေအထားအရ မဟာဗျူဟာကျခြင်း၊ လူဦးရေသန်းပေါင်းတစ်ထောင်ကျော်စီရှိတဲ့ နိုင်ငံကြီး(၂)ခု ကြားမှာရှိခြင်းတို့ကြောင့် ထင်ရှားလျက်ရှိသကဲ့သို့ လုံခြုံရေး၊ ကာကွယ်ရေးတို့အတွက် အမြဲတစေ သတိဝီရိယနဲ့ နေထိုင်ရတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီး နှစ်ပေါင်း(၆၀)ကျော်အတွင်း ပါလီမန် ဒီမိုကရေစီစနစ်နဲ့ ရွေးကောက်ပွဲကို(၅)ကြိမ် အောင်မြင်စွာ ပြုလုပ်ကျင်းပနိုင်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၎င်း (၅)ကြိမ်စလုံးဟာလည်း FPTP စနစ်နဲ့ပဲ ပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်။ မိမိတို့ နိုင်ငံ၏ ပထဝီဝင်အနေအထား၊ ဖြတ်သန်းလာခဲ့တဲ့သမိုင်း၊ နိုင်ငံရေးသမိုင်းကြောင်း၊ လက်ရှိနေထိုင်နေကြတဲ့ မိမိတို့နိုင်ငံသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ပညာရေးအခြေအနေ၊ စာတတ်မြောက်မှုနှုန်း၊ နိုင်ငံရေး ရင့်ကျက်မှုတို့အပေါ် အခြေခံပြီး မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေမယ့် ရွေးကောက်ပွဲစနစ်ကို မှန်မှန်ကန်ကန် ရွေးချယ်ကျင့်သုံးသွားဖို့ လိုအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့အထိ တရားဝင်မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီပေါင်း(၆၅)ခုရှိပြီး ဖြစ်ပါတယ်။ တန်းတူရေး၊ တရားမျှတရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရေးအတွက် လက်နက်စွဲကိုင်နေတဲ့ တိုင်းရင်းသားအဖွဲ့အစည်းအချို့လည်း တည်ရှိနေတုန်း ဖြစ်ပါတယ်။ လွတ်လပ်ရေးနဲ့အတူ ဖြစ်ပေါ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခကို ဖြေရှင်းပြီး ပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင် နိုင်ငံတော် အကြီးအကဲများ ဦးဆောင်ပြီး နေ့မအား ညမနား အကြိတ်အနယ် ဆွေးနွေးညှိနှိုင်းနေတဲ့အချိန်လည်း ဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုများအကြား ရင်ကြားစေ့ရေးနဲ့ ယုံကြည်မှုတည်ဆောက်နေတဲ့ အချိန်အခါမှာ နောက်ထပ်သံသယများ မဖြစ်ရလေအောင် သတိပြုရမယ့်အချိန်လည်း ဖြစ်ပါတယ်။ ထိလွယ်ရှလွယ်တဲ့အချိန်လည်း ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ FPTP စနစ်ဖြင့် ရွေးကောက်ပွဲကျင်းပပြီး ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတာ (၃)နှစ်ကျော်ကျော်ပဲ ရှိပါသေးတယ်။ ၂၀၀၈ ခုနှစ်၊

ဖွဲ့စည်းပုံအခြေခံဥပဒေဟာ FPTP စနစ်ကျင့်သုံးရန်အတွက် ရေးဆွဲထားခြင်းပဲ ဖြစ်ပါတယ်။ PR စနစ်ကျင့်သုံးမယ်ဆိုရင် ၎င်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရမည်သာ ဖြစ်ပါတယ်။ ၂၀၀၈ ခု၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြင်ဆင်ရန် အလွန်ခက်ခဲတဲ့ ဖွဲ့စည်းပုံဥပဒေ အမျိုးအစားပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ဖို့ ပြည်ထောင်စုလွှတ်တော်က ကော်မတီဖွဲ့ပြီး ကြိုးစားပြင်ဆင်နေတုန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးချယ်ပုံစနစ်တစ်ခုမှ နောက်တစ်ခုသို့ ပြောင်းလဲကျင့်သုံးတယ်ဆိုတာ မဲထည့်မယ့်ပြည်သူများ စနစ်ကိုသဘောပေါက်ပြီး မဲကို အောင်မြင်စွာ အမှားအယွင်းမရှိ လက်ခံကျင့်သုံးနိုင်မှ လက်ခံကျင့်သုံးနိုင်မှုအပေါ်မှာ လုံးဝမူတည်ပါတယ်။ အချိန်ကာလတစ်ခုသတ်မှတ်ပြီး လေ့ကျင့်ပညာပေးခြင်း၊ သရုပ်ပြခြင်းတို့ဖြင့် သဘောပေါက်အောင် ရှင်းပြရမည်ဖြစ်ပါတယ်။ ပြည်သူများ လိုလိုလားလားကျင့်သုံး လက်ခံပါမှသာလျှင် ရွေးကောက်ပွဲတစ်ခုကို အောင်မြင်စွာ ကျင်းပနိုင်မည် ဖြစ်ပါတယ်။ ဒါကြောင့်မို့ ရွေးကောက်ပွဲစနစ်တစ်ခုမှ ပြောင်းလဲကျင့်သုံးရာမှာ အချိန်ကိုလုံလောက်စွာ ရှိရပါမယ်။ တိုင်းဒေသကြီး၊ ပြည်နယ်မှသည် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအထိ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်ခွဲများ၊ ပါဝင်ကူညီမယ့် ဝန်ထမ်းများကိုလည်း အချိန်ယူပြီး စနစ်တကျ လေ့ကျင့်သင်ကြားဖို့ အချိန်လိုအပ်ပါတယ်။ နောက် အရေးကြီးတဲ့အပိုင်း၊ ထည့်သွင်းစဉ်းစားရမယ့်အပိုင်းကတော့ တိုင်းပြည်ရဲ့ ဘူမိဗေဒအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးစနစ်တွေလည်း အဆင့်မြှင့်ဖို့ လိုအပ်ပါတယ်။ PR စနစ်သည် ရှုတ်ထွေးလှသလို ကုန်ကျစရိတ်လည်း ပိုများပါတယ်။ တိုင်းရင်းသားဒေသတွေရဲ့ မဲပေးခဲ့ရတဲ့ အတွေ့အကြုံကို အလျဉ်းသင့်လို့ တင်ပြပါရစေ။ တောင်ပေါ်ဒေသတွေမှာ ပထဝီအနေအထားအရ တစ်ရွာနဲ့တစ်ရွာ လှမ်းမြင်နေရပါတယ်။ အိုးစည်ဗုံမောင်းတီးရင်လည်း ကြားရပါတယ်။ တကယ်တမ်း အရောက်သွားတော့မယ်ဆိုရင် (၈)မိုင်၊ (၉)မိုင်လောက်ဝေးတဲ့ခရီး ဖြစ်တဲ့အတွက် (၃)၊ (၄)နာရီလောက် လျှောက်ရပါတယ်။ တချို့မဲရုံဆိုရင် (၁၅)မိုင်၊ မိုင်(၂၀)လောက် ကွာဝေးပါတယ်။ တစ်ရွာလုံးမှာ မဲပေးနိုင်တဲ့လူဦးရေ (၅၀၀)ရှိတဲ့ရွာဆိုပါတော့ ၎င်းပုဂ္ဂိုလ်အားလုံးတွေဟာ မိုင်(၂၀)လောက်ဝေးတဲ့ရွာကို ခြေလျင်လျှောက်ပြီး မဲသွားမပေးနိုင်ကြပါဘူး။ တစ်ရွာလုံးကိုယ်စား လူကြီး(၄)၊ (၅)ယောက်နဲ့ မဲသွားပေးခဲ့ရပါတယ်။ ဒါကြောင့်မို့ အသက်(၅၀)၊ (၆၀)၊ (၇၀)ရှိတဲ့လူအချို့ဟာ မဲသွားထည့်ဖို့နေနေသာသာ မဲပြားကိုတောင် ယနေ့အထိ မမြင်ဘူးကြသေးပါဘူး။ အကြောင်းကတော့ မဲထည့်တဲ့သူ(၃၀၀၀)ရှိမှ မဲပုံးတစ်နေရာထားရှိတဲ့ စနစ်ကြောင့်ပဲ ဖြစ်ပါတယ်။ ပထဝီအခြေအနေအရ တစ်ရွာလုံးမှာ မဲပုံးတစ်ပုံးဆိုရင် လူတိုင်းမဲထည့်နိုင်မှာ ဖြစ်ပါတယ်။ ကာလဒေသနဲ့ လိုက်လျောညီထွေအောင် မဲပုံးထည့်တဲ့စနစ်ကိုလည်း နောင် ပြုပြင်သွားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ က ၂၀၁၃ ခုနှစ်အကုန် PR စနစ် ကျင့်သုံးမယ်၊ မကျင့်သုံးဘူး၊ ဆုံးဖြတ်ချက် အချိန်မီမရရင် လာမယ့် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲမှာ PR စနစ်ကို မသုံးဘူးလို့ ပြည်ထောင်စုလွှတ်တော်နာယကထံ ၂၀၁၃၊ မေလ ၁၃ ရက်နေ့မှာ စာတင်တာ သိရှိရပါတယ်။ လူသိရှင်ကြား သတင်းစာ၊ ဂျာနယ်များထဲမှာလည်း ဖော်ပြထားပြီး ဖြစ်ပါတယ်။ ယနေ့ဆိုရင် ၂၀၁၄ ခုနှစ်၊ ဇွန်လတောင် ကျော်နေပြီဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ သို့မဟုတ် ဒီဇင်ဘာလမှာ ကြားဖြတ်ရွေးကောက်ပွဲလုပ်ပေးမယ်လို့လည်း ကြေညာထားပြီး ဖြစ်ပါတယ်။ PR စနစ်ကျင့်သုံးမယ်ဆိုရင် အချိန်မီ လုံးဝမဖြစ်နိုင်ပါ။ လက်ရှိအခြေအနေမှာ ပြည်သူများ သည် FPTP

စနစ်နဲ့ ရင်းနှီးပြီးသား ဖြစ်ပါတယ်။ ဒါတောင်မှ အမှားမှားအယွင်းယွင်းနဲ့ ပယ်မဲများ အများကြီး ဖြစ်ပေါ် လာသေးပါတယ်။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲနဲ့ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွေကို FPTP စနစ်နဲ့ အောင်မြင်စွာကျင်းပခဲ့တာ မကြာသေးတဲ့ သာဓကပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားဒေသတွေမှာ ပညာတတ် နည်းပါးခြင်း၊ ဗမာစကား၊ ဗမာစာ မတတ်ကြခြင်း၊ နိုင်ငံရေးအတွေ့အကြုံ နည်းပါးခြင်းတို့ ဖြစ်နေတုန်းပဲ ရှိပါတယ်။ တိုင်းရင်းသားနိုင်ငံရေးပါတီများသည် မိမိလူမျိုးချည်းရှိတဲ့ မိမိတို့ပြည်နယ်၊ မိမိတို့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာသာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ်ဖြစ်ကြသော်လည်း နိုင်ငံရေးပါတီကြီးများသည် ရုပ်ဝတ္ထုပြည့်စုံခြင်း၊ ဘဏ္ဍာရေးပြည့်စုံခြင်း တို့ကြောင့် နိုင်ငံတစ်ဝှမ်းလုံးမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြမှာဖြစ်ပါတယ်။ PR စနစ်ကို ကျင့်သုံးမယ်ဆိုပါက လူဦးရေနည်းတဲ့အတွက်ကြောင့်မို့ မိမိတို့ဒေသမှာပင် ပါတီကြီးများကို ယှဉ်ပြိုင်နိုင်ခြင်း မရှိကြပါ။ လွှတ်တော်နေရာ လျော့နည်းလာပြီး ရေရှည်မှာ လုံးဝပျောက်သွားမယ့် အခြေအနေမှာ ရှိပါတယ်။ ဥပမာအားဖြင့် ပြောရမယ်ဆိုရင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာ နမ့်ဆန်မြို့နဲ့ မန်တုံမြို့ (၂)မြို့ရှိပါတယ်။ နမ့်ဆန်မြို့မှာ လူဦးရေ(၇၀၀၀၀)ကျော်၊ မန်တုံမှာ (၄၀၀၀၀)ကျော် နှစ်မြို့ပေါင်းမှ တစ်သိန်းစွန်းစွန်းကလေးပဲ ရှိပါတယ်။ တအာင်းလူမျိုး လူမှုအဖွဲ့အစည်းများ ကြိုတင်ကောက်ခံထားတဲ့ သန်းခေါင်စာရင်းအရ တအာင်းတိုင်းရင်းသား (၁၀)သိန်းကျော်ခန့်ရှိသော်လည်း တစ်နေရာတွင် တစ်စုတစ်စည်းတည်း နေထိုင်ကြခြင်း မရှိတဲ့အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နဲ့ (အရှေ့ပိုင်း)တို့မှာရှိတဲ့ မြို့များမှာ ကျယ်ပြန့်စွာ နေထိုင်ကြခြင်း ဖြစ်ပါတယ်။ မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ်မှာပင် (၆၀၀၀၀)နဲ့ (၇၀၀၀၀)ကြားမှာ ရှိတယ်လို့ သိရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားများ နိုင်ငံရေးပါတီဖွဲ့ပြီး ရွေးကောက်ပွဲဝင်ရောက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မိမိတို့ရဲ့ စာပေနှင့် ယဉ်ကျေးမှုကို ဖော်ထုတ်မြှင့်တင်ဖို့၊ ဓလေ့ထုံးတမ်း၊ စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းရင်း မိမိတို့ရဲ့ လူမှုအသိုင်းအဝိုင်းကို ခေတ်နှင့်အညီ ရင်ဘောင်တန်းနိုင်ဖို့၊ မြှင့်တင်နိုင်ဖို့ ရည်ရွယ်ခြင်း ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီး နှစ်ပေါင်း(၆၀)ကျော်အတွင်း ဖြစ်ပေါ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခပြဿနာကို ကျောင်းကာ ပြည်တွင်းငြိမ်းချမ်းရေးကိုအရယူပြီး ပြည်ထောင်စုအစိုးရနဲ့အတူ မိမိတို့ဒေသဖွံ့ဖြိုးရေးကို တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ဖို့ အဓိကရည်ရွယ်ခြင်း ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူများ စစ်ကိုငြီးငွေ့ပြီး ထာဝရငြိမ်းချမ်းရေးကို စိတ်ထဲနှလုံးထဲ အထူးလိုလားတောင့်တလျက်ရှိပါကြောင်း ဥက္ကဋ္ဌမှတစ်ဆင့် အချိန်ကိုက်ပြီး ပြောကြားအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီကျင့်စဉ်အရ လူအများစု၏ဆန္ဒကို လိုက်လျောရမည်ဖြစ်သော်လည်း လူနည်းစု၏ဆန္ဒ သဘောထားကိုလည်း အလေးထားရမည်သာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အထက်ပါ ဆွေးနွေးတင်ပြချက်များအပေါ် အခြေခံပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ဒေါ်ခင်ဝိုင်းကြည်၏ အဆိုအရ PR စနစ်ကို ကျင့်သုံးရန် အလွန်စောသေးပါကြောင်းနဲ့ အဆိုကို ဆိုင်းငံ့ထားသင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၀။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဖြစ်ပါတယ်။ ယနေ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ကန့်ကွက်ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ဒီ အဆိုကို မဆွေးနွေးခင် ဒီအဆိုရှင်ရဲ့ နိုင်ငံတော်မှာ ကျင့်သုံးသင့်တဲ့ ရွေးကောက်ပွဲ စနစ်နဲ့ ပတ်သက်ပြီးတော့ စေတနာကောင်းနဲ့ တင်ခဲ့တဲ့စိတ်ဓာတ်နဲ့ ဒီအဆိုမှာ ပါဝင်ဆွေးနွေးခဲ့တဲ့ ကိုယ်စားလှယ်များရဲ့ ရှင်းလင်းချက်တွေအားလုံးကိုလည်း၊ ဆွေးနွေးသူအားလုံးကိုလည်း အထူးကျေးဇူး တင်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ဆက်ပါတယ်။

ကျွန်တော် ဒီအဆိုကို ကန့်ကွက်ဆွေးနွေးရတဲ့ အကြောင်းအရင်း (၄)ချက် ရှိပါတယ်။ ပထမ တစ်ချက်ကတော့ အမျိုးသားလွှတ်တော်ရဲ့ အခန်းကဏ္ဍအရ လူနည်းစုတိုင်းရင်းသားများ ပြည်နယ်မှာ ရှိတဲ့ တိုင်းရင်းသားများ သဘောပေါက်နားလည်ရန် လိုအပ်နေသေးတယ် ဆိုတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံတော်ရဲ့ ဖွဲ့စည်းတည်ဆောက်အခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ လွှတ်တော် တွေကို ကြည့်မယ်ဆိုရင် တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာလည်း လွှတ်တော် ရှိပါတယ်။ နောက်တစ်ခါ ပြည်ထောင်စုလွှတ်တော်မှာလည်း လူဦးရေကို အခြေခံပြီး ဖွဲ့စည်းထားတဲ့ ပြည်သူ့လွှတ်တော် တစ်ရပ်နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကနေပြီးတော့ (၁၂)ဦးကျစီ စေလွှတ်ပြီးတော့ ဖွဲ့စည်းထားတဲ့ အမျိုးသား လွှတ်တော် ဆိုပြီးတော့ ရှိပါတယ်။ ဒီ ဖွဲ့စည်းထားတဲ့ အခြေအနေကို ကြည့်မယ်ဆိုလို့ရှိရင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းတည်ဆောက်မှုအရ နိုင်ငံတော်မှာရှိတဲ့လူဦးရေကို အခြေခံပြီးတော့ ရွေးကောက် တင်မြှောက်ထားတဲ့ ပြည်သူ့လွှတ်တော်ကို ပြန်လည်ထိန်းကျောင်းနိုင်ဖို့အတွက် ကျွန်တော်တို့ ဒီ အမျိုးသား လွှတ်တော်ကို ဖွဲ့စည်းရတယ်လို့ ကျွန်တော်တို့ သဘောပေါက်ပါတယ်။

အခု အဆိုရှင်ကနေပြီးတော့ ဒီ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးဖို့ တင်သွင်းလာတဲ့ နေရာမှာ အားလုံးပါဝင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ကောင်းတစ်ခု ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြင်တာ ကတော့ အမျိုးသားလွှတ်တော်မှာတင်မက တစ်နိုင်ငံလုံးမှာ ကျင့်သုံးနိုင်ရင် ပိုပြီးတော့ ကောင်းမယ်လို့ မြင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ တိုင်းရင်းသားများရဲ့ အမြင်မှာကျတော့ ဘာရှိလဲလို့ ဆိုလို့ရှိရင် အခြေခံဥပဒေကို ပြန်လည်သုံးသပ်တဲ့အခါကျတော့ ဒီစနစ်ကို လတ်တလော ကျင့်သုံးဖို့ဆိုတာ အခြေခံ ဥပဒေနဲ့လည်း မကိုက်ညီဘူး။ နောက်တစ်ခါ အမျိုးသားလွှတ်တော်မှာပဲ ရွေးပြီးတော့ ကျင့်သုံးမယ် ဆိုလို့ရှိရင် ဥပမာ - ရှမ်းပြည်နယ်မှာ ဆိုလို့ရှိရင်လည်း ရှေ့က အဆိုဆွေးနွေးတဲ့သူများလည်း ထည့်ပြီး တော့ ဆွေးနွေးသွားကြပါတယ်။ ပြည်နယ်တစ်ခုတည်းမှာကိုပဲ စနစ်(၂)မျိုး သုံးရမယ့် အခြေအနေမျိုး ဖြစ်နေပါတယ်။ အဲဒီအခါကျလို့ရှိရင် ပြည်နယ်တစ်ခုအတွင်းမှာ နှစ်ထောင်နဲ့ချီပြီးတော့ အတူတူ မှီတင်း နေထိုင်လာခဲ့ကြတဲ့ တိုင်းရင်းသားတွေရဲ့အကြားမှာ ကွဲပြားခြားနားမှု ဖြစ်လာနိုင်တယ် ဆိုတဲ့ အမြင်လေး တစ်ခု ရှိပါတယ်။ ဒါတွေကိုလည်း လက်ရှိ ပြည်နယ်တွေမှာ အများဆုံးဖြစ်ပွားနေတဲ့ လက်နက်ကိုင် ပဋိပက္ခတွေကြားမှာ ရှင်သန်နေရတဲ့ တိုင်းရင်းသားတွေရဲ့ဘဝတွေကို စာနာပြီးတော့ ဒါကိုလည်း ထည့်သွင်းစဉ်းစားပေးဖို့ ဆိုပြီးတော့ ကျွန်တော် ဆွေးနွေးအပ်ပါတယ်။

နောက်အချက် (၂)ကတော့ ပြည်နယ်များမှာရှိတဲ့ လက်ရှိပကတိအခြေအနေအရ မဲမပေးနိုင်သေးတဲ့လူ များပြားစွာ ရှိနေခြင်းနဲ့ ရိုးရှင်းတဲ့ မဲပေးစနစ်ကိုပင် မှန်ကန်အောင် မပေးနိုင်သေးတဲ့လူများနေသေးတာကို တွေ့ရပါတယ်။ ကျွန်တော်ရဲ့ရှေ့က လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးထွန်းကျော်လည်း ဒါတွေကို ထည့်သွင်းဆွေးနွေးသွားပါတယ်။ ကျွန်တော်တို့ ရွေးကောက်ပွဲကာလမှာ တွေ့ကြုံရတဲ့ အခြေအနေ အရဆိုလို့ရှိရင် ပြည်နယ်တွေမှာ၊ အထူးသဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်မှာလည်း ပဋိပက္ခတွေ ရှိပါတယ်။ အခြေအနေတွေတော့ မတူကြဘူးပေါ့ခင်ဗျား။ လက်နက်ကိုင်ပဋိပက္ခတွေကြားမှာ ရှိနေကြတဲ့ တိုင်းရင်းသားတွေရဲ့ အခြေအနေ၊ နောက်တစ်ခါ အခြေအနေ အကြောင်းအရပ်ရပ်ကြောင့် နေရာပြောင်းရွှေ့တဲ့သူ များပြားနေရတဲ့ အခြေအနေ၊ တချို့လည်း စီးပွားရေး အခက်အခဲကြောင့်၊ အလုပ်အကိုင် အခက်အခဲကြောင့် နေရာပြောင်းရွှေ့တာတွေ ရှိပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီရွေးကောက်ပွဲတွေမှာ မဲထည့်တဲ့ ဦးရေတောင်မှ၊ ဒီစာရင်းတောင်မှ မှန်ကန်အောင် မပြုစုနိုင်တဲ့ အခြေအနေ ရှိပါတယ်။ ဒါတွေ မှန်ကန်အောင် ပြုစုနိုင်ဖို့ဆိုတာလည်း ကော်မရှင်တွေမှာလည်း တာဝန်ရှိသလို ကျွန်တော်တို့ ပြည်သူပြည်သား နိုင်ငံသားတွေ၊ ပါတီတွေအားလုံး၊ ကျွန်တော်တို့ ကိုယ်စားလှယ်တွေအားလုံးမှာ တာဝန်ရှိတယ်ဆိုတာလည်း ခံယူပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြည်နယ်တွေမှာကျတော့  လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေ ရှိပါတယ်။ ဘာသာရပ်စကား အခက်အခဲတွေ ရှိပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ လုပ်ရကိုင်ရတဲ့ အခက်အခဲတွေ များစွာရှိပါတယ်။

ဒါကြောင့်မို့လို့ ဒီ ရိုးရှင်းတဲ့ မဲပေးစနစ်ကိုတောင်မှ မှန်ကန်အောင် မပေးနိုင်ကြပါဘူး။ ပယ်မဲတွေ များပါတယ်။ နောက်တစ်ခါ မဲပေးနိုင်တဲ့ အခွင့်အရေး ဆုံးရှုံးပါတယ်။ ကျွန်တော်တို့ ပြည်နယ်သူ/ ပြည်နယ်သား အများစုဟာ ဘာသာစကား အခက်အခဲ တစ်ခုရယ်၊ ဥပဒေလုပ်ထုံးလုပ်နည်း မသိတာတွေရယ်၊ နောက်တစ်ခါ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ရုံးတွေကို မရောက်ဖြစ်တာတွေ များပြားတဲ့အခါကျတော့ နိုင်ငံသားစိစစ်ရေးကတ်ပြားလို မဆိုထားနဲ့ ကျွန်တော်တို့ အိမ်ထောင်စုဇယားတောင် မရှိတဲ့ တိုင်းရင်းသားတွေ များပါတယ်။ ကျွန်တော်တို့ သန်းခေါင်စာရင်းကာလ ကျွန်တော်တို့ အကူအညီပေးရင်းနဲ့ ကောက်ကြည့်တဲ့အခါမှာ သီပေါမှာတောင်မှ သောင်းဂဏန်း ရှိပါတယ်။ ကျောက်မဲမှာလည်း သောင်းဂဏန်းရှိပါတယ်။ ဒါတွေ ကျွန်တော်တို့ အရင်ကတည်းကလည်း ဒီဥစ္စာတွေနဲ့ ပတ်သက်ပြီးတော့ အကူအညီ ပေးခဲ့သော်လည်းပဲ များစွာကျန်နေသေးတာကို တွေ့ရပါတယ်။ ဒီလို အခြေအနေတွေကြောင့် ဒီစနစ်ကို လက်ရှိကျင့်သုံးဖို့ဆိုတာ အခက်အခဲရှိတယ်ဆိုတဲ့အကြောင်း တင်ပြခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက်ကတော့ အချက်(၃)အနေနဲ့ အချိုးကျကိုယ်စားပြုစနစ်မှာ ကိုယ်စားလှယ်ကို အချိုးကျမဲဖြင့် တွက်ချက်တဲ့နေရာမှာ ရှုပ်ထွေးမှုတွေ ရှိတယ်ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ ဒီအချက်ကို တင်ပြရတဲ့ အကြောင်းအရင်းကတော့ ကျွန်တော်တို့ ပြည်နယ်မှာတောင်မှ ဒီရိုးရှင်းတဲ့ မဲပေးစနစ်ကို အတွေ့အကြုံ သိပ်မရှိကြသေးပါဘူး။ ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတဲ့ ကိုယ်စားလှယ်ကာလတွေ ကျွန်တော်ဆိုလို့ရှိရင် ၁၉၆၅ ခုနှစ်မှာ မွေးခဲ့ပါတယ်။ ဒါတောင်မှ ကျွန်တော်တို့ မဲပေးတဲ့အတွေ့အကြုံက ၁၉၉၀ ရယ်၊ ၂၀၁၀ ရယ်ပဲ ရှိပါသေးတယ်။

ဒါကြောင့်မို့လို့ တချို့နေရာတွေတောင်မှ ခုနကလည်း ကိုယ်စားလှယ် ဦးထွန်းကျော် တင်ပြသွားတဲ့အထဲမှာလည်း ပါပါတယ်။ ကျွန်တော်တို့ တွေ့ကြုံရတဲ့အထဲမှာလည်း ပါပါတယ်။ တချို့နေရာတွေမှာ မဲတောင် မပေးဘူးကြသေးပါဘူး။ မဲပေးရမယ့် အလေ့အကျင့်တွေ၊ အသိအမြင်တွေ မရှိသေးတာတွေလည်း ပါပါတယ်။ နိုင်ငံရေးအသိအမြင် နည်းတာတွေလည်း ပါပါတယ်။ တချို့နေရာတွေကျတော့လည်း ကြောက်လို့၊ အဟန့်အတား တစ်ခုခုကြောင့် ကြောက်လို့ မလာတာ။ တချို့နေရာတွေကျတော့လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲလို့။ အိမ် တစ်အိမ်မှာ ဆိုလို့ရှိရင် မဲပေးနိုင်ခွင့် (၅)ယောက်လောက် ရှိတာတောင်မှ အချင်းချင်းတောင်မှ တာဝန်ပေးပြီးတော့ မင်းတို့ (၂)ယောက် လောက်သွားရင်ရပြီ။ (၃)ယောက်လောက်သွားရင် ရပြီဆိုပြီးတော့ ဒီလိုမျိုးသွားတာတွေလည်း ရှိပါသေးတယ်။ အထူးသဖြင့် အသက်ကြီးတဲ့လူတွေ မဲမပေးဖြစ်ခဲ့ကြပါဘူး။ အဲဒီလို မဲပေးခွင့် ဆုံးရှုံးနေတာတွေလည်း ရှိပါတယ်။

နောက်တစ်ခါ ဒီလို ရိုးရှင်းတဲ့ မဲပေးစနစ်ကိုတောင်မှ မှန်ကန်အောင် မဲမပေးနိုင်တဲ့သူတွေ များနေတဲ့အချိန်အခါမှာ၊ အတွေ့အကြုံမရှိတဲ့သူတွေ များနေတဲ့အချိန်အခါမှာ ဒီထက်ပိုမိုရှုပ်ထွေးတဲ့ အချိုးကျကိုယ်စားပြုစနစ်မှာ ဆိုလို့ရှိရင် ဥပမာ - ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်၊ ဒီအထဲမှာ ဆွေးနွေးသွားတာတွေလည်း ရှိပါတယ်။ ဥပမာအနေနဲ့ ရှင်းလင်းနေပါသော်လည်း လက်တွေ့မှာတော့ အင်မတန်ရှုပ်ထွေးတဲ့ စနစ်တစ်ခု ဖြစ်ပါတယ်။ ဥပမာ - ကိုယ်စားလှယ် (၁၁)ယောက်ကို ရွေးမယ့် မဲဆန္ဒနယ်(၁)ခုမှာ ပါတီတစ်ခုက (၄၂)ရာခိုင်နှုန်း ထောက်ခံမဲ ရခဲ့မယ်ဆိုလို့ရှိရင် အချိုးကျပြန်တွက်တဲ့ အခါမှာ ကိုယ်စားလှယ် (၄.၆၂) ထွက်လာတာ ဖြစ်ပါတယ်။ ဒီအစွန်းထွက် ရာခိုင်နှုန်းတွေ တွက်ချက်တဲ့ နေရာမှာ ပြဿနာလေးတွေ ရှိပါတယ်။ ကျွန်တော်တို့ပြည်နယ်မှာ၊ မဲဆန္ဒနယ်မှာ မဲပေးမှုတွေ နည်းပါးနေတဲ့အချိန်မှာ၊ လျော့ပါးသွားတဲ့အချိန်မှာ ဆိုလို့ရှိရင် ဒီအစွန်းထွက်တွေဟာ ပိုပြီးတော့ ပြဿနာရှိမှာ ဖြစ်ပါတယ်။ အဲဒီအစွန်းထွက်ပြဿနာတွေကို ဖြေရှင်းပုံနဲ့ပတ်သက်ပြီးတော့ ကျွန်တော် အနည်းငယ် တင်ပြဆွေးနွေးလိုပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ အစွန်းထွက်တွေကို၊ ကိန်းပြည့်မဟုတ်တဲ့ အရေအတွက်တွေကို ကာမိစေဖို့အတွက် ထပ်မံခွဲဝေဖို့ အမတ်အချို့ကို သီးသန့်ချန်ထားရတယ် ဆိုတဲ့ကိစ္စကို ကျွန်တော်တို့ မှတ်သားလေ့လာမိပါတယ်။

ဥပမာဆိုလို့ရှိရင် ဆွီဒင်နိုင်ငံမှာ မဲဆန္ဒနယ်(၂၈)နယ် ရှိတဲ့နေရာမှာ တစ်နယ်စီမှာ လွှတ်တော်အမတ်တွေ စုစုပေါင်းအရေအတွက်က (၃၁၀) ရှိပါတယ်။ အဲဒီမှာ (၃၁၀) ရှိသော်လည်းပဲ လွှတ်တော်မှာ ရှိတဲ့ အမတ်နေရာတွေကို (၃၄၉)နေရာအဖြစ် သတ်မှတ်ထားပြီးတော့ (၃၉)နေရာကို အစွန်းထွက် ဖြစ်လာမယ့် ရာခိုင်နှုန်းကို ပြန်ညှိဖို့အတွက် သီးသန့်သတ်မှတ်ပေးထားတာပဲ ဖြစ်ပါတယ်။ အဲဒီလို အစွန်းထွက်ရာနှုန်းတွေရဲ့ ရှုပ်ထွေးမှုဟာ အလွန်အကျွံ မဖြစ်စေရအောင် ဆိုပြီးတော့ ဂျာမဏီနဲ့ ပိုလန် နိုင်ငံတွေမှာဆိုလို့ရှိရင် အမတ်နေရာရဖို့အတွက် မဲအရေအတွက် စုစုပေါင်းရဲ့ အနည်းဆုံး (၅)ရာခိုင်နှုန်း ရရမယ်ဆိုပြီး သတ်မှတ်ထားပါတယ်။ ဆွီဒင်နဲ့ အီတလီနိုင်ငံမှာကျတော့ အနည်းဆုံး(၄)ရာခိုင်နှုန်း ရရမယ် ဆိုပြီးတော့ သတ်မှတ်ထားတာ ရှိပါတယ်။ ဒါတွေကလည်း ကျွန်တော်တို့ လက်လှမ်းမီသလောက် လေ့လာ တင်ပြတာဖြစ်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့ ဆက်လက်လေ့လာပြီးတော့ ဒီပြဿနာတွေကို ဘယ်လို ဖြေရှင်းရမလဲ ဆိုတာကို ကျွန်တော်တို့က လေ့လာကြရဦးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နေရာမှာ PR ကို သုံးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးချက်အရ ကျွန်တော်တို့ သိရတာကတော့ တစ်နိုင်ငံလုံး

အတွက်တော့ မဖြစ်နိုင်ဘူး။ တိုင်းဒေသကြီးတစ်ခုစီ၊ ပြည်နယ်တစ်ခုစီ လုပ်ရင် ဖြစ်နိုင်ကောင်းရဲ့။ ဒီလိုလေး ဆွေးနွေးတာ ရှိပါတယ်။ ဒါပေမဲ့ ဒီအစွန်းထွက်ပြဿနာကို ဘယ်လိုဖြေရှင်းမလဲဆိုတာကိုတော့ ကျွန်တော်တို့ အခုထက်ထိ ရှင်းရှင်းလင်း မသိရပါဘူး။

ဥက္ကဋ္ဌကြီး ခင်ဗျား။ နောက်ဆုံးအချက်အနေနဲ့ တိုင်းရင်းသားပါတီအများစုက လတ်တလော ကဏ္ဍမှာ သဘောမတူနိုင်ကြသေးတာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီအဆိုရှင်ရဲ့ တင်ပြလာတဲ့ မိတ်ဆွေ (၁၀)ပါတီရဲ့ တင်ပြချက်မှာလည်း တိုင်းရင်းသားပါတီတွေ ပါနေပါတယ်။ ဒါပေမဲ့ ဒီမှာကတော့ တင်ပြထားတာကတော့ ရည်ရွယ်ချက်တွေ ကောင်းပါတယ်။ PR စနစ်ကို နက်နက်နဲနဲ လေ့လာဖို့ ပါပါတယ်။ နောက်တစ်ခါ ဒီအချက်(၁၂)မှာ ဘာပြောထားသလဲဆိုတော့ ရွေးကောက်ပွဲ စနစ်ရွေးချယ်ရာမှာ ရှုထောင့်အသီးသီးမှ မတူကွဲပြားသော အမြင်များရှိနေသည့်အချက်ကို အထူးထည့်သွင်းစဥ်းစားရမယ်လို့ ပါပါတယ်။ မိမိတို့ရဲ့ အကျိုးစီးပွားနဲ့ယှဥ်ပြီး စဥ်းစားရမည်ဖြစ်သဖြင့် သက်ဆိုင်သူ Stake-holders များအကြား ပွင့်လင်းမြင်သာရေး အားလုံးပါဝင်ပြီး တရားမျှတသော ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ရန် လိုပါလိမ့်မယ်လို့လည်း အကြံပေးထားတာ တွေ့ရပါတယ်။

ဒီမှာဆိုလို့ရှိရင် (က) အုပ်ချုပ်သူအစိုးရ၊ (ခ) လွှတ်တော်၊ (ဂ) ရွေးကောက်ပွဲကော်မရှင်၊ (ဃ) နိုင်ငံရေးပါတီများ၊ (င) အသိအမြင်၊ အတွေ့အကြုံ ကြွယ်ဝသူများ၊ (စ) အမျိုးသမီးလူငယ်နှင့် လူနည်းစုအုပ်စုများ၊ (ဆ) မီဒီယာနှင့် ပြန်ကြားရေးကဏ္ဍမှ ပုဂ္ဂိုလ်များ၊ (ဇ) ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အုပ်စုများ၊ (ဈ) လူထုပညာပေး ကျွမ်းကျင်သူများ၊ (ည) တိုင်းရင်းသားလူမျိုးများ၊ (ဋ) ဥပဒေပညာရှင်များ၊ (ဌ) သန်းခေါင်စာရင်းနှင့် သုတေသန ကျွမ်းကျင်သူများ၊ (ဍ) ပြည်သူလူထု ဆိုပြီးတော့ တော်တော်ကျယ်ကျယ်ပြန့်ပြန့်လေးကို တင်ပြထားတာ တွေ့ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ များစွာ လေ့လာပြီးတော့ သုတေသနလုပ်ရဦးမယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ညီနောင်တိုင်းရင်းသားပါတီများ Federation ကနေပြီးတော့ သဘောထားထုတ်ပြန်ချက်တွေကို ထုတ်ထားတာကို တွေ့ရပါတယ်။

သူတို့ရဲ့ (၁၀)ကြိမ်မြောက် သဘောထားကြေညာချက် ဒါကို ၁၉-၈-၂၀၁၂ အပိုဒ် ၃ မှာ ပါတဲ့ အချက်ကို ကျွန်တော် ဖတ်ကြားတင်ပြလိုပါတယ်။ အနာဂတ်ရွေးကောက်ပွဲများတွင် အချိုးကျ ကိုယ်စားပြု စနစ်ကို ကျင့်သုံးမည်ဆိုပါက တိုင်းရင်းသားလူမျိုးများစွာရှိသော မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူနည်းစုများရဲ့ အခွင့်အရေး ဆုံးရှုံးနစ်နာမှု မရှိစေရန် သေချာစွာ သုတေသနပြု ဆောင်ရွက်သင့်ပါတယ် ဆိုပြီးတော့ သဘောထား ထုတ်ပြန်ထားပါတယ်။ နောက်တစ်ခါ (၁၂)ကြိမ်မြောက် သဘောထား ကြေညာချက် ၁၁-၁၁-၂၀၁၂ အပိုဒ် ၃ မှာ ပါတဲ့ ကြေညာချက် ဖြစ်ပါတယ်။ အချိုးကျကိုယ်စားပြု စနစ်အား ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ အခြေအနေအရ ပြည်နယ်များ၌ ကျင့်သုံးရန် မသင့်လျော်သေးပါ ဆိုပြီးတော့ သဘောထား ထုတ်ပြန်ထားပါတယ်။

နောက်တစ်ခါ (၁၅)ကြိမ်မြောက် သဘောထားကြေညာချက် ၁၂-၆-၂၀၁၃ အပိုဒ် ၂ ပါတဲ့ ကြေညာချက် ဖြစ်ပါတယ်။ လွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးခြင်းသည် ပြည်နယ်များရှိ တိုင်းရင်းသားပါတီများ၏ နိုင်ငံရေးရှင်သန်တိုးတက်မှုအား ဟန့်တားရာ ရောက်သောကြောင့် ကန့်ကွက်သည်လို့ ပါပါတယ်။ ကျွန်တော်တို့ အချိုးကျကိုယ်စားပြုစနစ်နဲ့ ပတ်သက်ပြီးတော့ တိုင်းရင်းသားပါတီတွေမှာ ဆွေးနွေးတာကိုလည်း ကျွန်တော်တို့ သတင်းထဲမှာ ကြားရပါတယ်။

ဒါတွေနဲ့ပတ်သက်ပြီးတော့ ဂယနဏ မသိသေးတဲ့အခါကျတော့ ဒီစနစ်ကို ကျင့်သုံးရ ကောင်းမလား၊ မကောင်းဘူးလား ဆိုတဲ့ ဒွိဟတွေဖြစ်နေကြတဲ့ အခြေအနေရယ်၊ နောက်တစ်ခါ ကျွန်တော်တို့ ပြည်နယ်မှာ ဖြစ်နေတဲ့ ပဋိပက္ခတွေကြောင့် ဒီဟာကို မဆုံးဖြတ်ပေးနိုင်တာလည်း ပါပါတယ်။

ကျွန်တော်တို့ မြင်တာကတော့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီရွေးကောက်ပွဲစနစ် ဆိုတာကတော့ ကျွန်တော်တို့နိုင်ငံတစ်ခုရဲ့ ပန်းတိုင်တစ်ခုတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့သွားမယ့် ပန်းတိုင်ကို သွားမယ့် လမ်းကြောင်းတစ်ခုလို့ မြင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့သွားမယ့် ပန်းတိုင်ကို သွားမယ့် လမ်းကြောင်းဟာ မှန်သလား၊ မှားသလား ဆိုတာကို ကျွန်တော်တို့ ဒီလမ်းကိုသွားမယ့် နည်းစနစ်ကို သေသေချာချာ သိမှ ကျွန်တော်တို့ ဆုံးဖြတ်ရမယ့် အနေအထား ရှိပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ယခုလက်ရှိမှာတောင်မှ ဘယ်လို ကိုယ်စားပြုစနစ်မျိုး သုံးမလဲ ဆိုတာကို ရှင်းရှင်းလင်းလင်း မသိသေးပါဘူး။ နိုင်ငံတော်နဲ့ ကိုက်ညီမယ့် ကိုယ်စားပြုစနစ်ကို လေ့လာသုံးသပ်ရဦးမယ်လို့ ယူဆပါတယ်။ နိုင်ငံတော်နဲ့ ကိုက်ညီမယ်လို့ ထင်ရတဲ့ ကိုယ်စားပြုစနစ်ကို လေ့လာသုံးသပ်ပြီး နိုင်ငံသားများအားလုံးကို ချပြစည်းရုံးပြီး ရှင်းလင်းပွဲတွေ၊ ဆွေးနွေးပွဲတွေ၊ ဆန္ဒခံယူပွဲတွေ ပြုလုပ်သင့်တယ်လို့ ယူဆပါတယ်။ နိုင်ငံတော်နဲ့ကိုက်ညီမယ့်စနစ်ကို ရွေးပြီးပြီ ဆိုရင်တောင်မှ အချို့ကိစ္စတွေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မကိုက်ညီဘူးဆိုရင်တောင် အခြေခံ ဥပဒေကို ပြင်ဆင်သုံးသပ်နေတဲ့ကာလမှာ ပြင်ဆင်နိုင်ဖို့လည်း တင်ပြဆွေးနွေးသွားနိုင်ဖို့ လိုကောင်း လိုနေဦးမှာ ဖြစ်ပါတယ်။

နောက်ပြီး ကျွန်တော်တို့အနေနဲ့ ဒီလိုသေချာစွာ ဂယနဏ ကောင်းစွာမသိသေးတဲ့ စနစ် တစ်ခုကို လတ်တလောမှာ အတည်ပြုလိုက်မယ်ဆိုလို့ရှိရင် ဒီစနစ်ကို ရှင်းရှင်းလင်းလင်း မသိရလို့ လက်မခံနိုင်တဲ့ နိုင်ငံသားများက ကန့်ကွက်ခဲ့မယ်ဆိုလို့ရှိရင် နိုင်ငံတော်ရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ အလားအလာကောင်းတွေ ရပ်တန့်သွားမှာကိုလည်း ကျွန်တော်တို့ စိုးရိမ်မိပါတယ်။

နိုင်ငံတော်ကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲစေဖို့နဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်ဖို့အရေးကို မျှော်တွေးပြီး အချိုးကျကိုယ်စားပြုစနစ်ကို နိုင်ငံတော် တည်ငြိမ်အေးချမ်းလာတဲ့ တစ်နေ့မှာ နိုင်ငံတော်နဲ့ ကိုက်ညီမယ့် အချိုးကျကိုယ်စားပြုစနစ်ကို အသုံးပြုသွားနိုင်ဖို့ ယခုအချိန် ကတည်းကစပြီး လေ့လာ သုံးသပ်သွားသင့်ပါတယ်။ ဒါပေမယ့်လည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးပြီး လုပ်ဆောင်နေတဲ့ ယခုလို အချိန်အခါကာလ၊ ပြည်နယ်အတွင်းမှာ တည်ရှိနေထိုင်ကြတဲ့ လူနည်းစု တိုင်းရင်းသားတွေ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကိုသာ မျှော်တွေးပြီး သောကမီးတောက်နေကြတဲ့ အချိန်မှာ၊ ဒီလိုအချိန်မှာ လတ်တလောကျင့်သုံးဖို့ မဆုံးဖြတ်သင့်ပါကြောင်း၊ ယခု တင်သွင်းလာတဲ့အဆိုကို ကန့်ကွက်ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ။ ဒီနေ့ ဆွေးနွေးတဲ့ စစ်ကိုင်း(၃)က ဦးမြင့်နိုင် နဲ့ ကရင်(၁)က ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့ ဆိုတာ မနေ့က အစီအစဉ်ထဲမှာ ဆွေးနွေးရမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ ပေးထားတဲ့ အစီအစဉ်အရ။ သို့သော် ဒီကိစ္စသည် အရေးကြီးတဲ့ အတွက် ကျွန်တော်တို့ စောင့်ပြီးတော့ ဒီနေ့မှ ထည့်ပေးတာ။ ဒီကိစ္စက ဒါ အထူးကိစ္စတစ်ရပ်အနေနဲ့ ထည့်ပေးတာ နောင် ဒီအခွင့်အရေး ရမယ်လို့ မှတ်ထားမှာ စိုးလို့ပါ။ ဒီနေ့ကတော့ စနစ်နဲ့ ဆိုင်တဲ့အတွက် ဒီပုဂ္ဂိုလ်တွေကို ကျွန်တော်တို့ ဆွေးနွေးစေချင်လို့ ထည့်ပေးတာ ဖြစ်ပါတယ်။ အခု ဘာကြောင့်ပြောလဲ

ဆိုတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်(၃) က ဦးစိုင်းစံမင်း။ ဦးစိုင်းစံမင်း ကလည်း အမည်စာရင်း တင်သွင်းထားသော်လည်း ဒီနေ့ထိ ခွင့်သွားနေတာ ဖြစ်တဲ့အတွက် သူ့ကိုတော့ ကျွန်တော်တို့ ဆွေးနွေးမယ့် အမည်စာရင်းကနေ ပယ်ဖျက်ပါတယ်။

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ။** ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၆။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြီးခဲ့တဲ့အပတ်က ခွင့်ယူတဲ့အတွက် ဒီအဆို ဆွေးနွေးဖို့ စာရင်းပိတ်သွားပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီး တင်ပြသွားတဲ့အခါမှာ ဥက္ကဋ္ဌကြီး ဆွေးနွေးခွင့်ပြုတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ လွှတ်တော်မှာ ဥက္ကဋ္ဌကြီးနဲ့တကွ တပ်မတော်သားတွေ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ အနယ်နယ် အရပ်ရပ်က လွှတ်တော်ကိုယ်စားလှယ်တွေ အားလုံးစုံနေတာ စုံရတဲ့အကြောင်း အခြေခံအချက်တစ်ချက် ရှိပါတယ်။ ဒီအချက်ကတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ကျွန်တော်တို့ ဒီလို ဆုံတွေ့နေကြတာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ၁၉၈၈ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပျက်ပြီးတဲ့နောက်ပိုင်းမှာ ရွေးကောက်ပွဲတစ်ခု ၁၉၉၀ မှာ လုပ်ခဲ့ ပါတယ်။ ဒါပေမဲ့ ဒီရွေးကောက်ပွဲ လုပ်ပြီးတဲ့ နောက်ပိုင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးနဲ့ ပတ်သက်လို့ တပ်မတော်ဘက်က လက်မခံတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲနဲ့ ကျွန်တော်တို့ နိုင်ငံရေးဇာတ်မျောကြီးတစ်ခုကို ခင်းခဲ့ရတဲ့ ၂၀၀၈ ထိအောင် နှစ်ပေါင်း(၂၀)ကျော် ကြာခဲ့ပါတယ်။ ၂၀၀၈ ကျမှ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်ပြီးတော့ ၂၀၁၀ ရွေးကောက်ပွဲလုပ်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်တွေ ခေါ်နိုင်ခဲ့တာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ကျွန်တော်တို့ ဘာအကျိုးအမြတ် ရှိသလဲဆိုရင် ကျွန်တော်တို့ နှစ်ပေါင်း(၂၀)ကျော် နိုင်ငံကို အုပ်ချုပ်ခဲ့တဲ့ တပ်မတော်သားတွေနဲ့ ကျွန်တော်တို့ ဒီနေ့ လက်တွဲပြီး အလုပ်လုပ်နိုင်တဲ့ အခြေအနေကို ရောက်တာပါ။ ဒါဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့်ပါပဲ။ အဲဒီတော့ ကျွန်တော်တို့ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေက တစ်နိုင်ငံလုံးကို လွှမ်းမိုးနေတဲ့အတွက် အားလုံးနဲ့ သက်ဆိုင်နေပါပြီ။ ကျွန်တော်တို့ ဒီဥပဒေကို လေ့လာရမှာ ဖြစ်ပါတယ်။

ဒီဥပဒေကို လေ့လာတဲ့အခါမှာ အခန်းပေါင်းများစွာ ရှိတယ်၊ အပိုဒ်ပေါင်းများစွာ ရှိတယ်၊ ဥပဒေပေါင်းများစွာ ရှိပါတယ်။ ဒါတွေ အားလုံးကို တစ်ခုချင်းလိုက် လေ့လာဖို့ မလွယ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ အလွယ်ဆုံး လေ့လာနိုင်တာ ခြုံငုံပြီး လေ့လာလို့ရပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ခြုံငုံပြီးတော့ တစ်ပိုဒ်တည်း တစ်ကြောင်းတည်းနဲ့ လေ့လာမယ်ဆိုလို့ရှိရင် သူ့ရဲ့ Definition က ပါတီစုံဒီမိုကရေစီလို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၃)မျိုး ပေါ်ခဲ့ပါတယ်။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေတို့ပဲ ဖြစ်ပါတယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေက တစ်ပါတီဆိုရှယ်လစ်စနစ်ကို အခြေခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ။ သူ့ရဲ့ ဖွဲ့စည်းပုံက ဆိုရှယ်လစ်တစ်ပါတီစနစ်ကို အခြေခံပါတယ်။ ကျွန်တော်တို့ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေက ဘာကိုအခြေခံလဲဆိုရင် သူက ပါလီမန်ဒီမိုကရေစီစနစ်ကို သူက အဓိက ဦးစားပေးတာပါ။

ဒါတွေ ကျွန်တော် တင်ပြတာက မြန်မာနိုင်ငံမှာ ပေါ်ခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၃)မျိုးက တစ်ခုနဲ့တစ်ခု လုံးဝ မတူဘူးဆိုတဲ့ သဘောကို ပြောတာပါ။

အဓိကအားဖြင့် ကျွန်တော်တို့ ၁၉၇၄ ပေါ်ခဲ့တဲ့အတွက် တစ်ပါတီဆိုရှယ်လစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို အသာထားလို့ ကျွန်တော်တို့ ဒီနှစ်ခု ၁၉၄၇ နဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာမယ်ဆိုရင် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ က ပါလီမန်စနစ် ပေါ်ရေးကိုသာ အဓိက ဦးစားပေးတာပါ။ အဲဒီအချိန်တုန်းက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း က အင်္ဂလိပ်ဆီက လွတ်လပ်ရေးရနေတဲ့အတွက် အင်္ဂလိပ်စနစ်ကိုပဲ သူက အခြေခံခဲ့တာ ဖြစ်ပါတယ်။ အင်္ဂလိပ်ပါလီမန်စနစ်က နှစ်ပေါင်းရာကျော်ရှိတဲ့ ပါလီမန်စနစ်ကိုပဲ ပုံတူကူးပြီးတော့ ကျွန်တော်တို့ ယူခဲ့တာ ဖြစ်ပါတယ်။ ဒီစနစ်အရဆိုလို့ရှိရင် ပါလီမန်ဖြစ်ဖို့အရေးသာ ကျွန်တော်တို့က အဓိက ဇောင်းပေးတယ်။ ဒါကြောင့် တစ်မဲသာရင်အနိုင်ရတဲ့စနစ်ကိုပဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျင့်သုံးခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး မျက်စိလျှမ်းနေတဲ့အချက်က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေက အဓိက ဇောင်းပေးတဲ့အချက်က ပါတီစုံဒီမိုကရေစီစနစ်ပါ။ ခုန ကျွန်တော် ဆွေးနွေးတဲ့ အထဲမှာလည်း လွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင် ပြောတဲ့အထဲမှာလည်း ပါတီစုံဒီမိုကရေစီစနစ်ကို ထည့်ပြောသွားတာ ကျွန်တော် ကြားလိုက်ရပါတယ်။ ဒါဟာ ကျွန်တော်တို့ မျက်ခြေမပြတ်ရမယ့် ကိစ္စတစ်ခုပါပဲ။

ကျွန်တော် ပြီးခဲ့တဲ့မတ်လမှာ ကော်မတီအတွင်းရေးမှူးတစ်ယောက်အနေနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖိတ်ကြားတဲ့ တပ်မတော်နေ့ အခမ်းအနားကို တက်ခဲ့ပါတယ်။ အဲဒီမှာ ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောတဲ့အထဲမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပြီး ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရမည်ဆိုတဲ့အကြောင်း ပြည်သူအားလုံး (၂၄.၇)သန်းက မဲပေးခဲ့တဲ့အကြောင်း ပြောပါတယ်။ အဲဒီတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တောင်မှ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာတဲ့အဆင့်ကို ရောက်နေတာ ဖြစ်ပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီစုံစနစ်ဆိုတာကို အားလုံး မမေ့ဖို့ သတိချပ်လိုပါတယ်။

ကျွန်တော် Power Point လေးတစ်ခု စီစဉ်ထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမှာကျွန်တော်တို့ မဲဆန္ဒ(၁၀)မဲအတွက် ပါတီစုံ ရွေးကောက်ပွဲကို ကျင်းပမည် လို့ သတ်မှတ်ကြပါမယ်။ အဲဒီမှာ A ဆိုတဲ့ ဦးစိမ်းပါတီရယ် B ဆိုတဲ့ ဒေါ်နီပါတီရယ် နှစ်ပါတီပဲ ပြိုင်ခိုင်းပါတယ်။ ပြိုင်ခိုင်းတဲ့အခါမှာ မဲဆန္ဒရှင်အားလုံးရဲ့ မဲရရှိမှု ရာခိုင်နှုန်းက A ဦးစိမ်းပါတီက (၄၀) ရာခိုင်နှုန်း ရပြီးတော့ B ဆိုတဲ့ ဒေါ်နီ (၆၀) ရာခိုင်နှုန်း ရရှိတယ်လို့ သတ်မှတ်ပါတယ်။ အဲဒီအခါမှာ မဲဆန္ဒနယ်(၁၀)နယ်မှာ ကျွန်တော် မဲအနည်းအများအရ အချိုးကျကြည့်တဲ့အခါမှာ အားလုံးက B ပါတီကပဲ အနိုင်ရရှိတဲ့သဘော ရှိနေပါတယ်။ A ပါတီက B ပါတီရဲ့ အောက်မှာ ရောက်နေပါတယ်။ ဒါကြောင့် လက်ရှိစနစ်နဲ့ ဆုံးဖြတ်မယ် ဆိုလို့ရှိရင် တစ်မဲသာလည်း အနိုင်ရတဲ့စနစ်ဖြင့် ဆုံးဖြတ်မှာဆိုပြီးတော့ ကျွန်တော်တို့ ဒေါ်နီ ရဲ့ B ပါတီသာ အနိုင်ရရှိမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီစနစ်ကို ကျွန်တော်တို့ပြန်ပြီး အားနည်းချက်ယူမယ်ဆိုရင် ဒေါ်နီပါတီ ဟာ မဲအရေအတွက်က (၆၀)ရာခိုင်နှုန်းပဲ ရတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်ကျတော့ သူက သူ့ရဲ့ ကိုယ်စားလှယ်အားလုံး အိမ်ပြည့်ရတဲ့အတွက် ကိုယ်စားလှယ် (၁၀၀)ရာခိုင်နှုန်း ရရှိသဖြင့် သူက အမြတ်ထွက်တယ်။ သူ့ရဲ့ အရင်းက (၆၀)ပဲ ရှိတယ်။ သူ (၁၀၀) ရသွားတယ်။ ဒါပေမဲ့ ဦးစိမ်းပါတီကျတော့ သူ့ကို မဲပေးတဲ့

သူတွေ ရှိတယ်။ (၄၀)ရာခိုင်နှုန်းပေးတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်က တစ်ယောက်မှ မရတဲ့အတွက် သူက အရှုံးပေါ်တယ်ပေါ့။

အဲဒီတော့ ဒီစနစ်က ကျွန်တော်တို့က အရှုံးအမြတ်ပေါ်တယ်။ အရှုံးအမြတ်ပေါ်တဲ့စနစ်ဆိုတာ လောင်းကစား ဆန်တဲ့စနစ်သာ ဖြစ်ပါတယ်ခင်ဗျား။ ဒါဟာ ပါလီမန် ဒီမိုကရေစီသာ လိုက်လျောညီထွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ မဲအရေအတွက် အချိုးကျစနစ်ကို ကျင့်သုံးပြီဆိုလို့ရှိရင် ဒေါ်နီပါတီဟာ (၆၀) ရာခိုင်နှုန်း ရတဲ့အတွက် ကိုယ်စားလှယ်(၁၀)ဦးမှာ (၆)ယောက် သာရမှာ ဖြစ်ပါတယ်။ ဦးစိမ်းပါတီက ကိုယ်စားလှယ်(၄)ယောက်သာ ဖြစ်ပါတယ်။ အဲဒီတော့ (၆)ယောက်နဲ့ (၄)ယောက်ကို ဘယ်လိုရွေးမလဲ ဆိုရင် ဒေါ်နီပါတီက ပထမဆုံးနိုင်တဲ့ (၁၀)ယောက်ထဲမှာ မဲအများဆုံး ကိုယ်စားလှယ် (၆)ယောက်ကသာ အနိုင်ရရှိမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျန်တဲ့ မဲဆန္ဒမှာရှိတဲ့ (၄)နေရာ ကတော့ ပယ်မဲအဖြစ် ကျွန်တော်တို့ ကိုယ်စားလှယ် (၆၀)ရာခိုင်နှုန်းပဲ ရတဲ့အတွက် (၆၀)ရာခိုင်နှုန်း ကန့်သတ်ချက်အရ ကျန်တဲ့ (၄)ယောက်က Cancel ဖြစ်သွားမှာ ဖြစ်ပါတယ်။ အဲဒီ Cancel ဖြစ်တဲ့ (၄)ယောက်ကို ဒုတိယရတဲ့ A ပါတီက ဦးစိမ်းပါတီက လူက တက်သွားပါတယ်။ ဒီစနစ်အရဆိုလို့ရှိရင် ပြည်သူတွေကဆိုလို့ရှိရင် မဲတွေကို မဲပေးရမယ်။ မဲပေးတဲ့ အများဆုံးလူက အများဆုံးက မဲရရှိမှု ရာခိုင်နှုန်းလည်း များရမယ်။ မများဘူးဆိုလို့ရှိရင် ဒုတိယရတဲ့သူက မဲရရှိသွားမှာ ဖြစ်ပါတယ်။

ဒီစနစ်အရဆိုလို့ရှိရင် သူ့တို့ ဒီအစည်းအဝေးမှာဆိုလို့ရှိရင် ဒေါ်နီပါတီက ကိုယ်စားလှယ် (၆)ယောက်နဲ့ ဦးစိမ်းပါတီက ကိုယ်စားလှယ်(၄)ယောက် စုစုပေါင်း(၁၀)ယောက် ရရှိမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဆိုလို့ရှိရင် ပါတီစုံသွားပါပြီ။ (၁)ပါတီလည်း မဟုတ်ဘဲနဲ့ (၂)ပါတီ ဖြစ်သွားပါပြီ။ နောက်ပြီးတော့ ဒီအခြေအနေကလည်း အားလုံး လက်ခံနိုင်တဲ့အခြေအနေပါ။ နှစ်ဖက်စလုံးဘက်က ဘယ်သူမှ အရှုံးအမြတ်ထွက်တဲ့စနစ်လို့ ပြောလို့မရတော့ပါဘူး။ နှစ်ဖက်စလုံးက သူ့အချိုးကျနဲ့သူ ရရှိတဲ့ စနစ် ဖြစ်သွားတာပဲ။ အဲဒီတော့ ဒီအခြေအနေက Win Win အခြေအနေလို့ ကျွန်တော်တို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လက်တွေ့ အမျိုးသားလွှတ်တော်မှာ မဲဆန္ဒနယ်(၁၂)နယ်ရှိတဲ့အတွက် (၁၂) နယ်ပတ်သက်လို့ ကျွန်တော် လက်တွေ့ကျင့်သုံးနိုင်တဲ့ စနစ်တစ်ခုကို တင်ပြပါမယ်။ လက်ရှိကျင့်သုံးနေတဲ့ တစ်မဲသာ အနိုင်ရစနစ်ရဲ့ အားနည်းချက်များကို ပြုပြင်ဖို့အတွက် မဲအရေအတွက် အချိုးကျစနစ်ကို အောက်ပါအတိုင်း ပေါင်းစပ်ပြီး ကျင့်သုံးနိုင်ပါတယ်။

ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ တိုင်းနဲ့ပြည်နယ် အားလုံးမှာ မဲဆန္ဒနယ် (၁၂)နယ် ရှိပါတယ်။ ဒီ (၁၂) နယ်မှာဆိုရင် ဦးစိမ်းရဲ့ A ပါတီ၊ ဒေါ်နီရဲ့ B ပါတီ၊ ဦးစပါးရဲ့ C ပါတီ၊ ကိုသမဂ္ဂ ရဲ့ D ပါတီ၊ ဦးတောင်တန်း E ပါတီ၊ ဦးတစ်သီးပုဂ္ဂလ F ၊ ဦးသီးသန့် ပါတီ G နဲ့ ဒေါ်ဝ ပါတီတို့ အားလုံး (၈) ပါတီ။ ပါတီစုံ ဝင်ပြိုင်တယ်လို့ သတ်မှတ်ပါတယ်။ အဲဒီအခါမှာ မဲအရေအတွက်ကို အနည်းအများ စဥ်လိုက် ပါတယ်။ စဥ်လိုက်တဲ့အခါမှာ မဲ (၁) (၂) (၃) (၄) (၅) (၆) (၇) (၈) (၉) (၁၀) (၁၁) (၁၂) အထိက မဲဆန္ဒနယ် ပါ။ အဲဒီမှာ ပထမဆုံး အပေါ်စီးမှာ ပြထားတဲ့ ပါတီတွေက အနိုင်အင်အားကို ပြထားတာပါ။ အဲဒီအခါမှာ အနီတွေဖြစ်တဲ့ ဒေါ်နီပါတီ၊ မဲဆန္ဒနယ်(၃) က G ပါတီ နိုင်တယ်။ ကျွန်တော်တို့ တင်ပြပါအတိုင်း နိုင်နေပြီ ဆိုပါတော့ ဒီလိုနိုင်နေပြီဆိုရင် တစ်မဲသာအနိုင်ရတဲ့စနစ်နဲ့ ဆုံးဖြတ်မယ်ဆိုရင် ဒေါ်နီရဲ့ B ပါတီက အားလုံး စုစုပေါင်း(၈)နေရာမှာ အနိုင်ရရှိမှာ ဖြစ်ပါတယ်။ (၈)နေရာအတွက် ဆိုလို့ရှိရင် ကိုယ်စားလှယ်ရဲ့ ရာခိုင်နှုန်းကို (၁၂)နေရာမှာ (၈)နေရာ ဆိုတဲ့အတွက် သူက (၆၆)ရာခိုင်နှုန်း သူက ရတဲ့သဘောပါပဲ

လွှတ်တော်မှာ နေရာ။ ဦးစိမ်းရဲ့ A ပါတီက (၃)နေရာရတဲ့အတွက် ကိုယ်စားလှယ် ရာခိုင်နှုန်းက (၂၅)ရာခိုင်နှုန်းရရတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ ဦးသီးသန့် G ပါတီက (၁)ဦး သီးသန့် နိုင်တဲ့အတွက် ကိုယ်စားလှယ် ရာခိုင်နှုန်း (၁၂)ယောက်မှာ (၁)ယောက်နိုင်တဲ့အတွက် (၈.၃)ရာခိုင်နှုန်း တင်ပြပြီး ဖြစ်ပါတယ်။ အဲဒီတော့ ပြိုင်တဲ့ (၈)ပါတီရဲ့ မဲရရှိမှု ပြည်သူတွေကနေပြီးတော့ (၈)ပါတီက မဲတွေပေးတယ်။ မဲတွေ ပေးတဲ့အခါမှာ တစ်ပါတီချင်းကနေပြီးတော့ မဲဘယ်လောက်စီ ရတယ်ဆိုတဲ့ အချိုးအစားကို Page-3 မှာ ကြည့်နိုင်ပါတယ်။

Page-3 မှာ ကြည့်တဲ့အခါမှာ ဒေါ်နီပါတီက မဲရရှိမှုက (၃၃)ရာခိုင်နှုန်း ကျွန်တော်တို့ ပါတီခေါင်းဆောင်ပြိုင်တဲ့အတွက် မဲတွေက ပါလီမန်စနစ်က မဲတွေ ပြားကုန်တာပေါ့။ မဲတွေ ပြားကုန်တဲ့ အတွက် ဒေါ်နီပါတီက (၃၃)ရာခိုင်နှုန်းနဲ့ အများဆုံး၊ ဦးစိမ်းက(၂၄)ဦး၊ ဦးစပါးက (၁၈) နဲ့ တင်ပြပါ အတိုင်း ဒေါ်ဝ က (၇) (၅) (၃) (၂) အသီးသီး ပြိုင်တယ်ဆိုပါတော့ ဒီဇယားအရ ကြည့်မယ်ဆိုရင် ဒေါ်နီပါတီက မဲရရှိမှုက (၃၃)ရာခိုင်နှုန်းပဲ ရတယ်။ ပထမမှာဆိုလို့ရှိရင် ကိုယ်စားလှယ် (၈)နေရာအတွက် (၆၆)ရာခိုင်နှုန်း ရရှိတဲ့သဘော ဖြစ်ပါတယ်။ ဦးစိမ်းပါတီက မဲရရှိမှုက (၂၄)ရာခိုင်နှုန်း ရှိတယ်။ ဒါပေမဲ့ ကိုယ်စားလှယ် (၃)နေရာအတွက်ဆိုလို့ရှိရင် လွှတ်တော်မှာ သူက (၂၅)ရာခိုင်နှုန်း ရရှိတယ်။ ဦးစိမ်း ပါတီက မဲရရှိမှုက (၅)ရာခိုင်နှုန်းရတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်တစ်နေရာအတွက် (၈)ရာခိုင်နှုန်း ရရှိတယ်။ ဒီ Figure တွေကို ကြည့်မယ်ဆိုရင် အထက်ပါ စာရင်းအရ ဒေါ်နီပါတီဟာ Percentage ကွာခြားချက်အရ အများဆုံးဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုရင် ပါတီအချိုးအစားအရ မဲရရှိမှုက (၃၃)ရာခိုင်နှုန်း ရရှိပေမယ့် ကိုယ်စားလှယ်မှာ (၆၆)ရာခိုင်နှုန်း ဖြစ်နေတဲ့အတွက်ကြောင့် သူက ကွာခြားချက်အများဆုံးနဲ့ အမြတ်ထွက် အများဆုံး ဖြစ်နေပါတယ်။

အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိက ဒီစနစ်နဲ့ ကျင့်သုံးနေတာ ဆိုလို့ရှိရင်တော့ ဒီလို အဖြေပဲ ထွက်မှာပဲ။ ဒီစနစ်ကို ပြောင်းဖို့အတွက် ကျွန်တော်တို့က System တစ်ခုကို ပြောင်းတာပါ။ ကျွန်တော်တို့ အခု တည်ဆောက်ထားတဲ့ System က ပြည်သူတွေကို ဘာမှပြောစရာ မလိုပါဘူး။ ပြည်သူတွေ အရင် ပေးနေကျ မဲအတိုင်းပဲ ပေးရုံပါပဲ။ ဒါပေမဲ့ ရွေးချယ်မှုပုံစံ Software ကို ပြောင်းလိုက်တာပဲ။ ကျွန်တော်တို့ ကွန်ပျူတာတွေမှာဆိုလို့ရှိရင် နောက်ပိုင်းမှာဆိုလို့ရှိရင် Hardware ပိုင်းနဲ့ ဘာမှ ပြောင်းစရာ မလိုပါဘူး။ သူ့အတိုင်းသွားတာ။ Software ကို Update လုပ်ပြီး ပြောင်းနေတာပဲ။ ဒီရွေးချယ်မှုနဲ့ပတ်သက်လို့ Software တစ်ခု System တစ်ခုကို ကျွန်တော် တင်ပြပါမယ်။ တင်ပြတဲ့အခါ မဲအရေအတွက် အချိုးကျစနစ်ကို ကျင့်သုံးသင့်တယ်ဆိုရင် သတ်မှတ်သင့်တဲ့ပုံစံမှာ မဲဆန္ဒနယ်(၁၂)နေရာ အတွက် မဲရရှိမှုရာခိုင်နှုန်း Zero ကနေ 25 Percent ထိ ရမယ်ဆိုရင် ကိုယ်စားလှယ်(၃)ယောက် ခွင့်ပြုမယ်။ 25 Percent ကနေ (၅၀)ရာခိုင်နှုန်းထိ ရမယ်ဆိုရင် ကိုယ်စားလှယ်(၆)ယောက် ခွင့်ပြုမယ်။ (၅၀)ကနေ (၇၅)ရာခိုင်နှုန်း ရမယ်ဆိုရင် ကိုယ်စားလှယ်(၉)ယောက်နဲ့ (၇၅)ရာခိုင်နှုန်းအထက်ရမှ ကိုယ်စားလှယ်(၁၂)ယောက် ခွင့်ပြုမယ်ဆိုတဲ့ ကန့်သတ်ချက် ကျွန်တော် ပါတီမဲအချိုးကျစနစ်နဲ့ ကန့်သတ်မယ်ဆိုလို့ရှိရင် ကန့်သတ်လိုက်ပါတယ်။ ဒီကန့်သတ်မှုက ကြည့်မယ်ဆိုရင် ပထမဦးဆုံး Zero Percent နဲ့ 25 Percent ကိုယ်စားလှယ်(၃)ယောက်က သူက အသာစီးပါ။

ဒါ ဘာဖြစ်လို့လဲဆိုရင် တိုင်းရင်းသားပါတီနဲ့ တစ်သီးပုဂ္ဂလပါတီတွေက ဘာပဲပြောပြော ဒီရွေးကောက်ပွဲကြီးဝင်ပြိုင်လိုက်တာနဲ့ ခင်ဗျားတို့အတွက် မဲ(၃)နေရာ ရမယ်ဆိုတဲ့ သဘောပါ။ ပါတီငယ်

လေးတွေ၊ တစ်သီးပုဂ္ဂလအတွက် အခွင့်အရေး ပိုပေးထားတဲ့ သဘောပါပဲ။ ကျွန်တော်တို့ ဒီစည်းမျဉ်းနဲ့ ကျွန်တော်တို့ ဖျက်ချလိုက်မယ် ဆိုလို့ရှိရင် ဒေါ်နီပါတီဟာ မဲရရှိမှု (၃၃)ရာခိုင်နှုန်းသာ ရရှိတယ်။ ဒါကြောင့် သူက 25 Percent နဲ့ 50 Percent ကြားထဲမှာရှိတဲ့အတွက် ကိုယ်စားလှယ်(၆)ဦးသာ ခွင့်ပြုရမယ်။ ဒါကြောင့် ပထမအဆင့်မှာသူ အနိုင်ရရှိတဲ့ (၈)ဦးထဲကနေ မဲအများဆုံးရရှိတဲ့ (၆)ဦးကို ခွင့်ပြုပြီး ကျန်(၂)ဦးကို ကန့်သတ် ပယ်လိုက်ပါတယ်။ ပယ်တဲ့အခါမှာဆိုလို့ရှိရင် အထက်ပါဇယားအရ ဒေါ်နီပါတီက မဲရရှိမှုဟာ မဲအများဖြစ်တဲ့ မဲဆန္ဒနယ် (၄) (၅) (၆) (၁၀) (၁၁) (၁၂) တို့မှာ သူက အနိုင်ရရှိပြီးတော့ အဲဒီ (၆)ဦးကနေ အနိုင်ရရှိပြီးတော့ Percentage မပြည့်တဲ့ မဲဆန္ဒနယ်(၁) နဲ့ (၂) ကို ကန့်သတ်ပယ်လိုက်ရပါတယ်။ ပယ်တဲ့အခါမှာဆိုလို့ရှိရင် ဒေါ်နီပါတီက မဲဆန္ဒနယ်(၆)နယ် ယူသွားပါပြီ။ ကျန်တဲ့ မဲဆန္ဒနယ် (၁) (၂) (၃) နဲ့ (၇) (၈) (၉) ကျန်ပါမယ်။ (၇) (၈) (၉) ကတော့ မူလနိုင်တဲ့ A ပါတီက ကျန်နေပါမယ်။ (၁) နဲ့ (၂) က သူတို့ ဒေါ်နီပါတီက ထွက်သွားတဲ့အတွက် အောက်က တက်လာတဲ့ A ပါတီနဲ့ B ပါတီ အောက်က ဦးစိမ်းရဲ့ A ပါတီက စုစုပေါင်း(၅)နေရာနဲ့ First Position ဖြစ်နေပါတယ်။ ဒါပေမဲ့ ဦးစိမ်းပါတီရဲ့ မဲရရှိမှုကလည်း 24 Percent ပဲ ရှိပါတယ်။ 24 Percent ပဲ ရှိတဲ့အတွက် 24 Percent ခွင့်ပြုချက်က ကိုယ်စားလှယ်(၃)ဦးပဲ ခွင့်ပြုရမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ သူ့ရဲ့ First Position ကိုယ်စားလှယ်(၅)ဦး ရှိတဲ့အတွက် သူ့ထဲက (၂)ဦး ပယ်ရပါမယ်။ ဒီ (၂)ဦးကလည်း မဲအများရရှိတဲ့ (၃)ဦးကို ကိုယ်စားလှယ် လက်ခံပြီးတော့ ကျန်တဲ့ (၂)ဦးပယ်လိုက်တယ်လို့ ကျွန်တော်တို့ သတ်မှတ်ပါတယ်။ အဲဒီလို ဦးစိမ်းရဲ့ A ပါတီက (၅)ဦးမှာ မဲအများဆုံး ရရှိတဲ့ (၇)(၈)(၉)ပဲ သူက (၃)ဦးစာအတွက် နေရာရပြီးတော့ ကျန်နှစ်ဦးဖြစ်တဲ့ မဲဆန္ဒနယ် (၁) နဲ့ (၂) ကို သူက ပယ်မဲအဖြစ် သတ်မှတ်ပါတယ်။ အဲဒီပယ်မဲအဖြစ် သတ်မှတ်တဲ့အခါမှာ (၁) နဲ့ (၂) ရဲ့ အောက်ကနေပြီးတော့ တတိယအဆင့်နဲ့ နိုင်ထားတဲ့ H ပါတီနဲ့ C ပါတီက First Position ကို ပြန်တက်ပါတယ်။ ဒါကြောင့် First Position မှာ H ပါတီရယ် C ပါတီရယ် G ပါတီရယ်ပါ။ ဒီပါတီက တစ်မဲစီပဲ နိုင်တယ်။ ဒါပေမဲ့ ဒီပါတီတွေဟာ Zero to 25 Percent ကို (၃)ဦးစီ ခွင့်ပြုတဲ့အတွက် သူတို့အတွက်က စစ်စရာ မလိုတော့ပါဘူး။

ဒါကြောင့် သူတို့ဟာဆိုလို့ရှိရင် H ပါတီက (၁)ဦး၊ C ပါတီက (၁)ဦး၊ G ပါတီ (၁)ဦး ဖြစ်ပါတယ်။ ဒီစနစ်နဲ့ ဆုံးဖြတ်မယ်ဆိုလို့ရှိရင် ဒေါ်နီပါတီက (၆)နေရာနဲ့ အများဆုံးရပါမယ်။ ဦးစိမ်းပါတီက (၃)နေရာ ရပါမယ်။ မဲဆန္ဒနယ်(၁) ဒေါ်ဝါက (၁)နေရာ ရပါမယ်။ ဦးစပါးပါတီက (၁)နေရာ ထပ်ရပါမယ်ခင်ဗျား။ ဦးသီးသန့် ပါတီက (၁)နေရာ ရမယ်။ ပါတီစုံသွားပါပြီခင်ဗျား။ ဒါဟာ ကျွန်တော်တို့ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ ပါတီစုံရမယ့်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ကျွန်တော့်ပါတီဥက္ကဋ္ဌကလည်း ဥပဒေပညာရှင် ဖြစ်တဲ့အတွက် အကြံပေးပါတယ်။ အဓိကကတော့ လူတွေက မျက်စိ၊ နား မလည်ဖြစ်နေတာပေါ့။ ပါလီမန်စနစ်နဲ့ ပါတီစုံစနစ် မတူပါဘူး။ ပါတီစုံစနစ်ဆိုတာ ပါတီစုံအောင် မင်းတို့ လုပ်ပါလို့ သူက Definition ပေးထားတာပါ။ ဒါကို ပါတီစုံအောင် လုပ်ဖို့ တာဝန်ရှိပါတယ်။ ဒီစနစ်အရဆိုလို့ရှိရင် ကျွန်တော်တို့ကဆိုလို့ရှိရင် ပါတီစုံဖြစ်ဖို့ကတော့ PR စနစ်ကသာ ပါတီစုံဖြစ်ဖို့ စွမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။ တစ်မဲသာအနိုင်ရစနစ်က ပါလီမန်စနစ်ကိုပဲ ဦးတည်တာ ဖြစ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီစုံစနစ်ဆိုတာ အားလုံးသတိပြုရမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် တင်ပြချက်ကတော့ အဓိက ကတော့ ဒါပါပဲ။ ဒါပေမဲ့ ကျွန်တော် ဆက်လက်ပြီး အနည်းငယ် တင်ပြချင်တာက ကျွန်တော် ဒီနေ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးနဲ့ပတ်သက်တာ ဆွေးနွေးပါတယ်။ ကျွန်တော် လေ့လာပါတယ်။ ကျွန်တော် သူတို့ ပြောတာတွေလည်း ဗဟုသုတရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ PR စနစ်နဲ့ ပတ်သက်လို့ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်တွေ ဆွေးနွေးတာ အားလုံး ကန့်ကွက်ချက်ပဲ ဖြစ်နေပါတယ်။ ကန့်ကွက်ချက် ဖြစ်နေတဲ့အတွက် ကျွန်တော် စဉ်းစားမိတာတစ်ခု တင်ပြပါရစေ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်နဲ့ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်နဲ့က အဓိက အချက်တွေ ကွာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဒီနေရာ ရောက်တာဟာ ဆိုလို့ရှိရင် ကျွန်တော့် ကိုယ်ကျိုးလည်းပါတယ်။ ကျွန်တော့်ပါတီကျိုးလည်း ပါတယ်။ ကျွန်တော့်နိုင်ငံကျိုးလည်း ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဖုန်းမြင့်အောင် ဥက္ကဋ္ဌ ကိုပဲ ဦးတည်ပြီးတော့ ပြောပါ။ ကျန်တဲ့ ကိုယ်စားလှယ်ကို ဦးတည်ပြီးတော့ မပြောပါနဲ့။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဟုတ်ကဲ့ ခင်ဗျား။ ကျွန်တော်ဟာ ဒီနေရာရောက်တာဟာ ကျွန်တော့်ကိုယ်ကျိုးလည်း ပါ ပါတယ်။ ကျွန်တော့်ပါတီအကျိုး လည်း ပါတယ်။ ကျွန်တော့်နိုင်ငံကျိုးလည်း ပါ ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ တပ်မတော်သား ကိုယ်စားလှယ်တွေရဲ့ တာဝန်ထမ်းဆောင်မှုဆိုတာကတော့ နိုင်ငံ့အကျိုးအတွက် တစ်ချက်ပဲ ရှိပါတယ်။ ဒါဟာ ကျွန်တော့်ထက် သာတဲ့အချက်ပါပဲ။

နောက် ဒုတိယအချက်က ကျွန်တော်ဟာဆိုလို့ရှိရင် ဒီနိုင်ငံရဲ့ အရေးကြီးဆုံး တာဝန်ဖြစ်တဲ့ တို့တာဝန်အရေးသုံးပါးဟာ ကျွန်တော်က နှလုံးရည်နဲ့ပဲ ထိန်းသိမ်းနိုင်ပါတယ်။ ကျွန်တော် လက်ရုံးရည်နဲ့ မထိန်းသိမ်းနိုင်ပါဘူး။ ကျွန်တော် အသက်ပေးပြီး ကာကွယ်မစောင့်ရှောက်နိုင်ပါဘူး။ ဒီတာဝန်ကို တပ်မတော်သားတွေက လုပ်နိုင်ပါတယ်။ ဒီအချက်ကလည်း ကျွန်တော့်ထက်သာတဲ့ အချက်ပါပဲ။ နောက် ကျွန်တော် လွှတ်တော်ရောက်တဲ့အခါမှာ ကျွန်တော် ချီးမြှင့်ငွေခံစားပါတယ်။ ကျွန်တော်တို့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေကတော့ ချီးမြှင့်ခြင်းကို ခံစားမှု မရှိဘဲနဲ့ မူလတာဝန်ကို ဒီဟာနဲ့ ထမ်းဆောင် တဲ့ အတွက်လည်း ကျွန်တော့်ထက် သာတဲ့အချက်ပါပဲ။ ဒါကြောင့် တပ်မတော်သား ကိုယ်စားလှယ်တွေ ဟာ ကျွန်တော့်ထက် ဒီလို ဒီလို အချက်တွေ သာတဲ့အတွက် သူတို့က ဒီလွှတ်တော်ထဲ ရောက်ဖို့ ရွေးကောက်ပွဲ ဝင်စရာမလိုပါဘူး။ ရွေးကောက်ပွဲဝင်စရာ မလိုဘဲနဲ့ သူတို့ကို တိုက်ရိုက် အခွင့်အရေး ပေးထားတာ ဖြစ်ပါတယ်။

ဒါကြောင့် တပ်မတော်သားကိုယ်စားလှယ်တွေနဲ့ ရွေးကောက်ပွဲဆိုတာက အဓိကကတော့ ဘုန်းကြီးနဲ့ ဘီး လိုပါပဲ။ သက်ဆိုင်ခြင်း မရှိပါဘူး။ ကျွန်တော့်အနေနဲ့ ပြောမယ်ဆိုလို့ရှိရင်တော့ -----

**ဥက္ကဋ္ဌ**။ ။ ခင်ဗျားကို သတိပေးတာ အဲဒီအချက်ကို သတိပေးတာပဲ။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ပြောမယ်ဆိုလို့ရှိရင်တော့ ကေသရာဇာခြင်္သေ့မင်း ဆိုတာ သစ်တော်သီး ကောင်းမလား၊ ပန်းသီးကောင်းမလား စဉ်းစားစရာ မလိုပါဘူး။ သူ့အနေနဲ့ကတော့ ကေသရာဇာ ခြင်္သေ့မင်း တို့ရဲ့ အလုပ် မဟုတ်ပါဘူးခင်ဗျာ။ ဒါကြောင့် ကျွန်တော်ဟာ ဆိုလို့ရှိရင် ဟုတ်ကဲ့ပါခင်ဗျား။ ဒီလောက်ပါပဲ။ နောက်တစ်ခုက ကျွန်တော် ဆက်လက်ပြီး တင်ပြချင်တာက ဒီအဆိုကို စတင်ပြီးတော့ လွှတ်တော်ထဲ ရောက်အောင် ဆွေးနွေးတာက ဒေါ်ခင်ဝိုင်းကြည် ပါ။ ဒေါ်ခင်ဝိုင်းကြည် ရဲ့

ဆရာက ဒေါက်တာသန်းငြိမ်း ပါပဲ။ ဒေါက်တာသန်းငြိမ်း နဲ့ ကျွန်တော်တို့ဆိုလို့ရှိရင် ၁၉၈၈ ကနေပြီးတော့ ၂၀၁၀ ထိအောင် တစ်လှေတည်းစီး တစ်ခရီးတည်းသွားခဲ့တဲ့လူပါပဲ။ ဒေါက်တာသန်းငြိမ်း ကို ကျွန်တော် ကောင်းကောင်းသိပါတယ်။ ဒေါက်တာသန်းငြိမ်း ဟာ ဆိုလို့ရှိရင် ပြောမယ်ဆိုရင် သူ့ဘဝဟာဆိုလို့ရှိရင် အဲဒီခေတ်က နိုင်ငံတော်အကြီးအကဲနဲ့ ဆွေမျိုးသားချင်း ပတ်သက်မှုရှိပေမယ့် အခွင့်အရေး မယူဘဲနဲ့ သူ့ယုံကြည်ချက်နဲ့ နိုင်ငံရေးကို လုပ်ခဲ့တဲ့လူပါ။ ပြောမယ်ဆိုလို့ရှိရင် သူက အထဲမှာနဲ့ အပြင်မှာဆိုရင် အထဲမှာ နေရတဲ့အချိန်က ပိုများခဲ့ပါတယ်။ ဒါဟာသူဟာ သူ့ယုံကြည်ချက်နဲ့ သူ့ခံယူချက်ကို သူ့ကိုယ်ကျိုးကို စွန့်ပြီးလုပ်ခဲ့တဲ့ သဘောပြောတာပါပဲ။ ဒါပေမဲ့ သူဟာ အချိန်ကျတဲ့အခါမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ လက်ခံပြီး ရွေးကောက်ပွဲဝင်ဖို့ ကျွန်တော်တို့ကို အားပေးခဲ့ပါတယ်။ ရွေးကောက်ပွဲ ကာလမှာလည်း ကျွန်တော့်ကို မဲဆွယ်စည်းရုံးပေးခဲ့ပါတယ်။ ကျွန်တော့်မှာ ဒေါက်သန်းငြိမ်း ရဲ့ ကျေးဇူး ရှိပါတယ်။ ဒေါက်တာသန်းငြိမ်း အခု ကွယ်လွန်သွားပါပြီ။ ဒါပေမဲ့ ခု ဒီနေရာ ရောက်တဲ့အခါမှာ သူ့ရဲ့ ကျေးဇူးကြောင့် ကျွန်တော်ရောက်တဲ့ သဘောပါပဲ။ အဲဒီတော့ ဒေါက်တာသန်းငြိမ်း ရဲ့ ကျေးဇူးကို မဆပ်နိုင်ပါဘူး။ ဒေါက်တာသန်းငြိမ်း က တစ်ဆင့် ဒီတင်တဲ့အဆိုကို ထောက်ခံဆွေးနွေးရင်း ကျွန်တော့်ကို ကျေးဇူးဆပ်တယ်လို့ မှတ်ယူပါ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ် ဆိုသည်မှာ တပ်မတော်သားကိုယ်စားလှယ်လည်း အပါအဝင်ပဲ ဖြစ်တယ်။ ဒါကို ခွဲခြားပြောစရာတော့ မလိုဘူး။ သတိပေးခံရတာတော့ ဦးဖုန်းမြင့်အောင် ပေါ့နော်။ ဒါပေမဲ့ ဒီနေ့ ဆွေးနွေးသွားတာလည်း ကျေးဇူးတင်ပါတယ်။ သို့သော် ခုနကလို မပြောရမယ့် စကား ပြောသွားတာတွေလည်း၊ မပြောသင့်တဲ့စကား ပြောသွားတာတွေလည်း အများကြီးပါတာပေါ့။ ဒါတွေကို အရင်ကလို သတိမပေးဘဲနဲ့ ဘာကြောင့် ခွင့်လွှတ်ပေးလဲဆိုတဲ့ အခါကျတော့ ဆွေးနွေးတဲ့ အရှိန်အဟုန် တန့်သွားမှာဆိုလို့ပါ။ ဥပမာအားဖြင့်ပေါ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မကိုက်ညီဘူးဆိုတာ မိမိပြောလို့ရတဲ့ စကားမဟုတ်ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးကသာ ပြောလို့ရတဲ့စကားမျိုး။ ဒါမျိုးကို ဒီလိုဆွေးနွေးလို့မရဘူး။

နောက်တစ်ခုက မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးလိုဟာမျိုး ဒါက နည်းနည်း တစ်ဖက် ကပဲ ဖြစ်ဖြစ်ပေါ့။ မိမိမဟုတ်တဲ့ဘက်က သူ့ကို ပြောတာလားလို့များ တွေးရင် တွေးလို့ရတဲ့ကိစ္စ ရှိတာပေါ့။ နောက်တစ်ခုက အဆင့်အတန်းမရှိတဲ့သူတွေ လွှတ်တော်ထဲရောက်လာမယ် ဆိုတဲ့ကိစ္စမျိုးပေါ့။ လွှတ်တော် ကိုယ်စားလှယ် နာမည်တော့ မပြောတော့ပါဘူး။ နောင်ကို ဆင်ခြင်ဖို့ပါပဲ။ အဲဒီတော့ ဒီနေ့ ဆွေးနွေးမှုတွေ ကတော့ ပြီးပါပြီ။

အဲဒီတော့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က သဘောထားပြောဖို့ပါ။

**အချိန်၊ ၁၃း၅၃။**

**ဦးမြင့်နိုင် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆန္ဒပြုပါတယ်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)ရဲ့ လာမည့်ပါတီစုံ မည်သည့် ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော် အတွက် ကိုယ်စားလှယ်များ ရွေးချယ်တဲ့နေရာမှာ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက် ဆောင်ရွက်ပေး

ပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်းအဆိုတင်ပြခြင်းနဲ့ စပ်လျဉ်းပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ တစ်စုံတစ်ရာ တင်ပြရန် မရှိပါဘူး ခင်ဗျား။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့ လွှတ်တော်က ဆုံးဖြတ်တဲ့ အဆုံးအဖြတ်အတိုင်းသာ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာနဲ့ တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင် ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၅၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၃း၅၅)နာရီတွင် ခေတ္တရပ်နားပြီး (၁၄း၁၀)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၄း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၄း၁၃။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဒေါ်ခင်ဝိုင်းကြည် က မိမိရဲ့သဘောထား ပြောလိုရင် ပြောဖို့ ဖြစ်ပါတယ်။ သိပ်လည်း နားပူအောင် မပြောနဲ့။ တော်ကြာကျတော့ မဲပေးတဲ့လူတွေက စိတ်ညစ်ပြီး မပေးတော့ဘဲ နေမယ်။

**အချိန်၊ ၁၄း၁၃။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးပဲ အေးချမ်းကြပါစေလို့ ကျွန်မ မေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မ အဆိုတင်စဉ်ကတည်းကပဲ ကျွန်မက ဒီအဆိုရဲ့ သဘောတရားကို ကျွန်မ ရှင်းခဲ့ပါတယ်။ သို့သော်လည်း ကျွန်မပြောချင်တဲ့စကားတွေက များပြီးတော့ တကယ်အရေးကြီးတဲ့ အပိုင်းတွေကို အရင်မပြောဘဲနဲ့ ကျန်တဲ့ ကျွန်မခံစားချက်တွေကို အရင်ပြောနေတော့ အနှစ်သာရတွေက နောက်မှာ ကျန်ခဲ့ပါတယ်။

အဲဒီတော့ ကျွန်မက ဒီ PR System နဲ့ ပတ်သတ်လို့ တကယ်ပဲ ထိထိရောက်ရောက် လုပ်လို့ရတဲ့နေရာတွေမှာ လုပ်နေတော့ ဥပမာ - ရှင်းရှင်းလေး ဆိုရင်တော့ ပြည်နယ်မှာ မဖြစ်သေးဘူးဆိုရင် ပြည်နယ်မှာ မလုပ်ဘဲနဲ့ တိုင်းဒေသကြီးတွေမှာ လုပ်ဖို့၊ အဲဒီစကားကို အဲဒီလောက်ထိ ပီပီပြင်ပြင် ကျွန်မက အဲဒီနေ့က မပြောခဲ့မိဘူးလို့ ကျွန်မထင်တယ်။ ကျွန်မ ပြောတာကတော့ အခက်အခဲရှိတဲ့ဒေသတွေမှာ မလုပ်ဘဲနဲ့ အဆင်ပြေတဲ့နေရာတွေမှာပဲ လုပ်ဖို့ဆိုပြီး ကျွန်မ အဲဒီနေ့က အဲဒီလိုပြောခဲ့ပါတယ်။

ကျွန်မ အခု ပြောချင်တာကတော့ ကျွန်မတို့က အခု ကျွန်မတို့ ၁၈၂၄ ကျွန်မတို့ရဲ့ လွတ်လပ်ရေး ဆုံးရှုံးခဲ့တဲ့ အချိန်ကစပြီးတော့ နောက်ဆုံးရတဲ့အချိန်ထိ ကျွန်မတို့က သူများလက်အောက်မှာ နေရာကနေပြီးတော့ (၉၁)ဌာန အုပ်ချုပ်ရေးအခါကျတော့ ၁၉၃၅ မှာ ရွေးကောက်ပွဲတွေ လုပ်ပါတယ်။ အထက်လွှတ်တော်နဲ့ အောက်လွှတ်တော်နဲ့ အထက်လွှတ်တော်က (၇) နှစ် အောက်လွှတ်တော်က (၅)နှစ် ဆိုပြီးတဲ့အခါကျတော့ လုပ်ပြီးတဲ့အခါကျတော့မှ ဘယ်လိုဆောင်ရွက်လဲ ဆိုတဲ့အခါကျတော့ ဒီမဲဆန္ဒနယ်တွေမှာ ဝင်ပြိုင်တဲ့ အဲဒီတုန်းကတော့ ကျေးလက်ဒေသ၊ ခရိုင်တွေနဲ့ ဝင်ပြိုင်ကြတာ ဝင်ပြိုင်တဲ့နေရာမှာ တချို့နေရာတွေမှာ ဆိုလို့ရှိရင် အင်မတန်ကို အသည်းနာစရာကောင်းအောင် (၁၁)ယောက် (၁၀)ယောက် (၉)ယောက် ပြိုင်သော်ငြားလည်း တစ်ဦးတည်းကသာ နိုင်သွားပြီးတော့ ကျန်တဲ့ (၁၀)ယောက်ပြိုင်ရင် (၉)ယောက်က ထွက်သွားရတယ်။ (၈)ယောက် ပြိုင်လို့ရှိရင် (၇)ယောက်လောက်က ထွက်သွားရတယ်။

ဒါတွေ ဟိုတစ်နေ့ကလည်း ကျွန်မက ပြောရင်းနဲ့ တချို့အနည်းငယ်ကို ကျွန်မ ထည့်ပြောခဲ့တယ်။ ဒီတစ်ခါလည်း ကျွန်မ အဲဒါကို ပြန်ပြီးတော့ ပြောချင်ပါတယ်။ ဘာလို့လဲဆိုတော့ FPTP ရဲ့ နိုင်သူအကုန်ယူစနစ်သည် ကျွန်မတို့ လွတ်လပ်ရေးမရခင် ကိုလိုနီခေတ်ကတည်းက သုံးစွဲခဲ့တဲ့စနစ်ဖြစ်ပြီးတဲ့ အခါကျတော့မှ အင်မတန်ကို တရားမျှမျှတတ တရားမျှတမှု လုံးဝမရှိတဲ့စနစ်ဆိုတော့ ကျွန်မတို့က ပြန်ကြည့်လိုက်တဲ့အခါမှာ ပိုပြီးတော့ ကျွန်မတို့ ဒါတွေ တကယ်လေ့လာလေ ဒါဟာ မတရားဘူး ဆိုတာ သိလာလေ။ နောက် ဒါဟာ ဒီမိုကရေစီနိုင်ငံဆိုလို့ရှိရင်တော့ ဒါဟာ ဘယ်လိုမှကို ဒီမိုကရေစီနိုင်ငံနဲ့ သဟဇာတ မဖြစ်တာ။ နောက်တစ်ခါ အခု ကျွန်မတို့ ပါတီစုံဒီမိုကရေစီလို့ ပြောတဲ့အခါ ပိုပြီးတော့ကို ဒီ FPTP စနစ်ဟာ သဟဇာတမဖြစ်တာ အဲဒီကျတဲ့အခါကျတော့ ကျွန်မ ဥပမာဆိုလို့ရှိရင် မဲဆန္ဒနယ်တစ်ခုမှာ မဲက (၂၉၀၀၀)ကျော် ရှိတယ်။ အားလုံးပေးနိုင်တဲ့လူတွေ ပေးတဲ့လူတွေက သို့သော်လည်း အားလုံးပေါင်း ရွေးတာက (၈) ယောက်ရွေးတယ်။ (၈) ယောက်ရွေးတဲ့ထဲမှာ (၁)ယောက်က နိုင်တယ်။ (၇)ယောက်က ထွက်သွားရတယ်။ (၁)ယောက်က (၃၀၀၀) နဲ့ နိုင်တယ်ဆိုတဲ့ အခါကျတော့ အဲဒီ (၂၆၀၀၀) က မဲတွေက အလကားဖြစ်သွားတယ်။

အဲဒီ (၂၆၀၀၀) သော ပြည်သူလူထုရဲ့ဆန္ဒတွေ ရွေးကောက်တင်မြှောက်မှုတွေဟာ လုံးဝ အကောင်အထည်မပေါ်လာတော့ဘဲနဲ့ အလဟဿ သူက ဖြစ်သွားပြီးတဲ့အခါကျတော့ ဟို (၃၀၀၀) လောက် ရွေးလိုက်တဲ့ တစ်ယောက်ကသာလျှင် သူက တက်သွားတယ်။ အဲဒါ ကျွန်မတို့ ကိုလိုနီ လွတ်လပ်ရေး မရခင်ကတည်းကနည်း။ အဲဒီတော့ ကျွန်မတို့ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း ကျွန်မတို့ အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးကို ပိုင်ဆိုင်လာတဲ့အခါမှာ ကျွန်မတို့ မြန်မာမင်း နောက်ဆုံး နန်းစံသွားတဲ့ မန္တလေးဆိုလို့ရှိရင် သူက အောင်မြေသာစံ၊ ပြည်ကြီးမျက်ရှင်၊ ပြည်ကြီးပျော်ဖွယ် စသဖြင့် အဲဒီလိုနာမည်တွေနဲ့ ရန်ကုန်မှာဆိုလို့ရှိရင်တော့ စိန့်ဂျွန်းဈေး၊ စိန့်ဂျိုးဇက်ကွန်ဗင့် ဘာညာ စသဖြင့် မောင့်ဂိုမာရီလမ်း၊ လော့ဒ်ဒါလဟိုဇီလမ်း စသဖြင့် သူတို့ရဲ့နာမည်တွေနဲ့ သူတို့ရဲ့ ဝေါဟာရတွေနဲ့ ဆိုတဲ့ အခါကျတော့ သဘာဝကို ကျွန်မ နည်းနည်းအစီရင်ခံတာပါ။

အဲဒါဘာလဲဆိုတော့ ကျွန်မတို့ အခုတောင်မှ ကျွန်မတို့ ဥပဒေတွေကို အရင် ကိုလိုနီခေတ်တုန်းက ဥပဒေတွေရော၊ အခုလက်ရှိဥပဒေတွေရော ကျွန်မတို့နဲ့ သဟဇာတဖြစ်တဲ့ ဥပဒေတွေကို ကျွန်မတို့က မြန်မာမှုပြုသင့်တာကိုပြု။ ပြီးတော့မှ တစ်ချို့ နှစ်ခုစလုံး International Language နဲ့လည်း ထားချင်တာကိုလည်းထား ဆိုပြီးတော့မှ ဒီလွှတ်တော်ကပဲ ကျွန်မတို့ ဟိုတစ်လောကပဲ ကျွန်မတို့

ဆုံးဖြတ်ပြီးတော့ ဆောင်ရွက်နေကြတာပါ။ အဲဒီကျတဲ့အခါကျတော့ ခုလို ကိုလိုနီခေတ်ကတည်းက ကျွန်မတို့နိုင်ငံကို သူတို့ချပေးခဲ့တဲ့ပုံစံနဲ့ ကျွန်မတို့က ရွေးခဲ့ရချယ်ခဲ့ရတာ အခုအခါ ဒီမိုကရေစီကနေ ပြီးတော့ ပါတီစုံဒီမိုကရေစီဆိုတဲ့အခါ ပိုပြီးတော့ ဒီမိုကရေစီကို လက်တွေ့ တကယ်စင်စစ် အကောင်အထည် ဖော်နိုင်တဲ့စနစ်တစ်ခုကို ကျွန်မတို့က တွေ့ရဲ့သားနဲ့မှ မလုပ်နိုင်ဘူးဆိုလို့ရှိရင် ဒါ ကျွန်မတို့ရဲ့ အားနည်းချက်ပဲ။ ကျွန်မတို့ရဲ့ မပြတ်သားမှု၊ ကျွန်မတို့ရဲ့ မရဲဝံ့မှု၊ ကျွန်မတို့ရဲ့ တွေဝေမှုပဲ။

အဲဒါကြောင့်ကျွန်မတို့ အခုဆိုလို့ရှိရင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမှာ (၃)ခုစလုံးကို ကျွန်မတို့က တိုးတက်အောင် ဆောင်ရွက်နေတဲ့အခါမှာ ကျွန်မတို့ နိုင်ငံတကာကို သွားတယ်။ ချစ်ကြည်ရေး အတွက် သွားတယ်။ နိုင်ငံရေးလေ့လာတယ်။ လူမှုရေးလေ့လာတယ်။ စီးပွားရေးတွေ လေ့လာတယ်။ အဲဒီတော့ တိုးတက်တဲ့အခါမှာ စီးပွားရေးလည်း တိုးတက်မယ်။ လူမှုရေးလည်း တိုးတက်မယ်။ နိုင်ငံရေးလည်း တိုးတက်မယ်။ အဲဒီတော့ နိုင်ငံရေးတိုးတက်တယ်ဆိုတာ ကျွန်မတို့ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုကို သွားတဲ့အခါမှာ ဒီရွေးကောက်ပွဲစနစ်သည် အင်မတန်အရေးကြီးတဲ့ဟာ ဖြစ်သည်။ အဲဒီတော့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဆိုလို့ရှိရင် ကျွန်မတို့က ဒီ PR ကတော့ အဆင်ပြေ ဆုံးပဲ။

ပြည်သူလူထုရဲ့ အများစုရဲ့ဆန္ဒတွေ အပါဝင်နိုင်ဆုံး ပါတီတွေစုံတယ်ဆိုတာ စောစောကလည်း ကြောက်တဲ့သူတွေကလည်းကြောက်တယ်သို့သော်လည်း တကယ်ထဲထဲဝင်ဝင်နဲ့ အသေးစိတ်လေ့လာရင် ကြောက်စရာလည်းမရှိဘူး။ တစ်ခုကတော့ ဘာလဲဆိုတဲ့အခါကျတော့ မိမိနိုင်ငံနဲ့ သဟဇာတဖြစ်တဲ့ ဟာကိုသာလျှင် မည်သည့်နိုင်ငံမဆို ဆောင်ရွက်ကြတာ ဖြစ်တဲ့အတွက် ဥပမာတစ်ခု ပေးထားတာ ရှိပါတယ်။ ဒီ PR ကို အချိုးကျစနစ်ကိုသုံးတာ (၁၂၄)နိုင်ငံရှိမယ် ဆိုလို့ရှိရင် (၁၂၀)မျိုးလောက် ရှိလိမ့်မယ်ဆိုတာက သဘောကတော့ ကိုယ့်နိုင်ငံနဲ့သဟဇာတဖြစ်တဲ့ စနစ်ကိုသာလျှင် ကိုယ်က သုံးဖို့ လိုအပ်တယ်လို့ပြောတာ ကျွန်မတို့နိုင်ငံက ခု ဆိုလို့ရှိရင် Federal စနစ်ကို တောင်းနေကြတာဖြစ်တယ်။

အဲဒီအတွက် Federal စနစ် တောင်းနေတယ်ဆိုရင် ကျွန်မ ဥပမာတစ်ခုပေးချင်တယ်။ ကျွန်မတို့ ဂျာမနီနိုင်ငံသည် Mixed-Member Proportional ကို သုံးတဲ့နိုင်ငံဖြစ်တယ်။ အဲဒီနိုင်ငံရဲ့ ဆက်စပ်ဆော်နီပြည်နယ် ဆိုလို့ရှိရင် သူတို့ ၁၉၈၉ ခုနှစ်မှာ လွတ်လပ်တဲ့ မဲဆန္ဒရွေးကောက်ပွဲကို သူတို့က တောင်းဆိုတယ်။ တောင်းဆိုပြီးတော့ လူတွေအများကြီးပဲ သိန်းနဲ့ချီပြီးတော့ ဆန္ဒထုတ်ဖော်ကြတယ်။ အဲဒီအခါမှာ ၁၉၉၀ မှာစပြီးတော့ ဒီစနစ်ကို ကျင့်သုံးတယ်။ Mixed-Member စနစ်ကို ကျင့်သုံးတယ်။ အဲဒီဟာကို ကျွန်မ အရှည်တော့ မပြောတော့ပါဘူး။ အကျယ်တော့ မပြောတော့ပါဘူး။

သို့သော်လည်း မိမိရဲ့မဲဆန္ဒနယ်က မိမိရဲ့လွှတ်တော်ကိုယ်စားလှယ်ကို မိမိကိုယ်တိုင် ထိတွေ့ ခွင့်ရတယ်။ အဲဒီကိုယ်စားလှယ်ကလည်း အဲဒီမဲဆန္ဒနယ်ကို ကိုယ်တိုင်ဆောင်ရွက်ခွင့်ရတယ်။ အဲဒီနည်းနဲ့ နည်းတွေအများကြီး ရှိပါတယ်။ ရှုပ်တာ ရှုပ်တာ ရှုပ်တာ ရှုပ်တာကိုသာ ပြပြီးတော့ ရှင်းတာကိုကျတော့ ဘယ်သူမှ မပြတဲ့အခါကျတော့ ဒါ ကျွန်မတို့နဲ့ သဟဇာတ ဖြစ်ရဲ့သားနဲ့ အင်မတန် အဖိုးတန်ရဲ့သားနဲ့ ကျွန်မတို့ ဒါကြီးကို လက်လွှတ်ဆုံးရှုံးရမယ့်သဘော။ သို့သော်လည်း ကျွန်မ ဒါ Pressure ပေးတဲ့ သဘောမျိုး မဟုတ်ဘဲနဲ့ ကျွန်မတင်ပြတဲ့သဘောပဲ ဘာလို့လဲ ဆိုတော့ ကျွန်မ ဝမ်းနည်းစရာကောင်းတာ သတင်းတစ်ခုကို ဥက္ကဋ္ဌကြီးက ခွင့်ပြုမယ်ဆိုရင် ကျွန်မ အဲဒီသတင်းတစ်ခုကို ကျွန်မပြောပြချင်ပါတယ်။

ဘာလဲဆိုတော့ ကျွန်မတို့ ဒီနေ့ Daily Eleven မှာ ကျွန်မသတင်းတစ်ခုကို ကျွန်မ နေ့စဉ် ကျွန်မ ထွက်သမျှတွေကို Current News တွေကို ကျွန်မတို့ မသိမှာစိုးလို့ ပြည်သူလူထုရဲ့ဖြစ်နေတဲ့ အခြေအနေတွေ ပတ်ဝန်းကျင်အခြေအနေတွေကို သိချင်လို့ ကျွန်မ နေ့စဉ် ကျန်တဲ့အချိန်တွေကို ယူပြီး ကျွန်မ အမြဲတမ်းစာဖတ်တယ်။ ဒီထဲမှာ PR စနစ် ကျင့်သုံးရန်ကြိုးပမ်းသူသည် တိုင်းရင်းသား လူမျိုးစုငယ်များ၏ ဘုံရန်သူဖြစ်လာနိုင်ခြေရှိကြောင်း ဆိုပြီးတော့ ကြေငြာချက် ထုတ်တယ်လို့ ဒီက ရေးထားတယ်။ အဲဒီတော့ ကျွန်မတို့က တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေး၊ အကုန်လုံးတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ဆိုပြီးတော့ ရှေ့ကနေပြီးတော့ ကျွန်မတို့က သတ္တိရှိရှိ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသားနဲ့ လုပ်နေတဲ့အချိန်မှာ ဒီလိုမျိုးကြီး ကျွန်မကို ဒါ ကျွန်မတင်တာလေ။ အဲဒီလိုဆိုတော့ ဒါကျွန်မကိုပဲ ဦးတည်ပြီးတော့ ပြောတဲ့ဟာလို့ ကျွန်မအဲဒီလိုပဲ ထင်ပြီးတော့ ကျွန်မ စိတ်မကောင်းဘူး။ ဘာလို့လဲဆိုတော့ ကျွန်မတို့က သစ္စာဆိုထားပါတယ်။ အစကတည်းကိုက ကျွန်မတို့ရဲ့ ဒီလွှတ်တော်ထဲမှာ ဝင်ကတည်းကိုက ----

**ဥက္ကဋ္ဌ**။ ။ ရလောက်ပြီထင်တယ်။ ရလောက်ပြီထင်တယ်။

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဥက္ကဋ္ဌကြီး ရှင်။ ကျွန်မ နည်းနည်း ခံစားချက်တွေ အရမ်းများသွားလို့ပါ။ အဲဒီတော့ ကျွန်မဆိုလိုတာကတော့ ဒီ ကျွန်မတို့ ကိုလိုနီခေတ်ကတည်းက အသားသေလာတဲ့ ဟာကြီးကို စွဲစွဲလန်းလန်းနဲ့ လက်ထဲမှာ ကိုင်မထားဘဲနဲ့ အခု တစ်ကယ်ခေတ်စနစ်နဲ့ အခု ပါတီစုံဒီမိုကရေစီစနစ်နဲ့ နောက်ပြီးတော့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ပါတာတွေနဲ့ အကုန်ညီတဲ့ အခုဟာကို ကျွန်မတော့ ပြောင်းလဲစေချင်တယ်လို့ ကျွန်မ အဆိုပြုပါတယ်။

နောက်တစ်ခုကလည်း ဒီထဲမှာ ကျွန်မ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီဘူး၊ မညီဘူး ဆိုတော့ ဥက္ကဋ္ဌကြီးကတော့ ပြောသွားပါတယ်။ ဒါက ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ဆုံးဖြတ်ရမယ် ဆိုသော်ငြား လည်း ဒီအထဲမှာ အခန်း(၁)မှာရော၊ ပုဒ်မ ၄၈ တို့၊ ၂၁(က)တို့၊ ၂၁(ဃ)တို့ ဖတ်ကြည့်တဲ့ဆိုလို့ရှိရင် ဘယ်လို၊ ဘယ်လိုလုပ်လို့ရတယ် ဆိုတာ။ နောက်တစ်ခါ ကော်မရှင်ရဲ့ ၃၉၉ တို့၊ အဲဒါ ကျွန်မ အတိုချုပ် ပြီးတော့ ကျွန်မ မပြောရလို့ချင်ရင် နည်းနည်းလေးတော့ ရှင်းပြချင်သေးလို့လေ။ အဲဒါကြောင့်မို့လို့ ခွင့်ပြုတဲ့ ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံး၊ အကုန်လုံးကိုပဲ ကျွန်မ ကျေးဇူးတင်ပါတယ်လို့ ပြောရင်းနဲ့ ကျွန်မ နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တော်သေးတာပေါ့။

**အချိန်၊ ၁၄း၂၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် တင်သွင်းတဲ့ လာမည့်ပါတီစုံ မည်သည့် ရွေးကောက်ပွဲများ တွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျ ကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန်အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ဒါ အရေးကြီးတဲ့အတွက် အထူးစနစ်တကျ လုပ်ပါမယ်။ အဲဒီတော့ ဘဲလ်တီးပါ။ နောင်ကို လည်း မှတ်သားပြီးတော့ မဲခွဲမယ်ဆိုတိုင်း ဘဲလ်တီးပါ။ အပြင်မှာ ရောက်နေတဲ့လူက ဝင်ချင်လည်း ဝင်လာ နိုင်ပါတယ်။

အဲဒီတော့ အဆိုကို အတည်ပြုဖို့အတွက် လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူရာမှာ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းနဲ့ လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

ဒီလိုဆန္ဒရယူတဲ့အခါမှာ ဆန္ဒမဲပေးသူဆိုသည်မှာ ဆိုတဲ့ Definition အရ ထောက်ခံဆန္ဒမဲ ပေးသူ၊ ကန့်ကွက်ဆန္ဒမဲပေးသူ၊ ကြားနေဆန္ဒမဲပေးသူ၊ မဲမပေးသူ အားလုံးပါဝင်သည်။ ဒါကြောင့်မို့လို့ ထောက်ခံဆန္ဒမဲအတွက် ပထမဆုံး မတ်တပ်ရပ်ခိုင်းမယ်။ ပြီးရင် ဒုတိယ ကန့်ကွက်ဆန္ဒမဲအတွက် မတ်တပ်ရပ်ခိုင်းမယ်။ အဲဒီထဲ မပါတဲ့ပုဂ္ဂိုလ်တွေသည် ကြားနေ နဲ့ မဲမပေးသူ ဖြစ်ပါတယ်။

အဲဒီတော့ ပထမဆုံး လွှတ်တော်ရုံးအဖွဲ့ထဲက အခုအချိန်မှာ ခန်းမအတွင်းမှာရှိတဲ့ ဦးရေကို အတည်ပြုပြီးတော့၊ ရေတွက်ပြီးတော့ အတည်ပြုပါ။ အဲဒီတော့ မနက်ကတော့ (၂၀၄)ယောက်၊ အခု နေ့လည်ပိုင်းမှာ ဦးနေဝင်းထွန်း ပြန်ဝင်လာတော့ (၂၀၅)ယောက်၊ (၂၀၅)ယောက်က ဥက္ကဋ္ဌ အပါအဝင် ဖြစ်နေတယ်။ အဲဒီတော့ ဥက္ကဋ္ဌ နဲ့ ဦးမြင့်နိုင် မပါ။ ရှိတဲ့ ပုဂ္ဂိုလ်အရေအတွက်ကို ဘယ်ဘက် ဘယ်လောက်၊ အလယ် ဘယ်လောက်၊ ညာဘက် ဘယ်လောက် ခွဲပြီးတော့စိစစ်ပါ။

တိုးတိုး တိုးတိုး လုပ်စရာ မလိုပါဘူး။ အော်ပြောပါ။

ကော်မရှင် ပါစရာမလိုဘူးလေ။ သူက မဲပေးလို့မှ မရတာ။

ဟုတ်ပြီ။

အခု အဆိုကို အတည်ပြုရန် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့နေရာများမှာ မတ်တတ်ရပ်ပြပါ။

ညာဘက်က ဘယ်လောက်လဲ။ (၅၀)။

အဆိုကို ကန့်ကွက်လိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့နေရာတွင် မတ်တတ်ရပ်ပြပါ။

ဘယ်ဘက် ဘယ်လောက်လဲ။ ရပြီ။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုရန် သဘောတူတဲ့ ကိုယ်စားလှယ်ဦးရေ (၁၁၇)ဦး၊ ကန့်ကွက်တဲ့ ကိုယ်စားလှယ်(၈၅)ဦး ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို အတည်ပြုရန် သဘောတူတဲ့ ကိုယ်စားလှယ်ဦးရေဟာ ယခု လွှတ်တော် အစည်းအဝေးခန်းမ အတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေရဲ့ ထက်ဝက်ကျော် ရှိတဲ့အတွက် ဒေါ်ခင်ဝိုင်းကြည် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကိစ္စဟာ စနစ်တစ်ခုကနေ တစ်ခုကို ပြောင်းတာဖြစ်တဲ့အတွက် အလွန်အရေးကြီးပါတယ်။ အထူးလည်း ဂရုစိုက်လုပ်ရမယ့် ကိစ္စမျိုး

ဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးတဲ့ ဆွေးနွေးချက်တွေကို ကြည့်မယ်ဆိုလို့ရှိရင် ဒီ နိုင်သူအကုန်ယူ သို့မဟုတ် အချိုးကျရွေးကောက်ပွဲစနစ် (၂)ခုရဲ့ ကောင်းကျိုးနဲ့ ဆိုးကျိုးတွေကိုပဲ ဝေဖန်တာကို တွေ့ပါတယ်။ တကယ်တမ်းဆိုလို့ရှိရင် ရွေးကောက်ပွဲစည်းမျဉ်းများ ရေးဆွဲခြင်း ဆိုတဲ့ (Election Engineering) ကို ရောက်အောင် အားသာချက်အားလုံးကို ဘယ်လိုဖော်ဆောင်မလဲ၊ အားနည်းချက်တွေကို ဘယ်လို ထိန်းချုပ်မလဲ ဆိုတဲ့ ကိစ္စကို စနစ်တကျ ချဉ်းကပ်မှု ဘယ်သူမှ မရှိသေးပါဘူး။ မရှိသေးတဲ့အတွက် ဒါကို ကော်မရှင်တစ်ရပ်ဖွဲ့ပြီးတော့ ဆောင်ရွက်ပြီး ဒီကော်မရှင်မှာ တစ်ခါသွားပြီး ငြင်းကြ ခုန်ကြဦးမှာ။ ပြီးတော့ ကော်မရှင်ရဲ့ အစီရင်ခံတင်ပြီးတော့ ဘယ်နည်းလမ်းနဲ့ လုပ်သင့်တယ်ဆိုတာ ရွေးကောက်ပွဲကော်မရှင်နဲ့ တိုင်ပင်ပြီးလုပ်ရမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကော်မရှင်ကို ဖွဲ့စည်းဖို့ လွှတ်တော်ရဲ့ အတည်ပြုချက် တစ်ခါတည်းရယူပါမယ်။ အဲဒီတော့ ကော်မရှင်မှာ မူလအခြေခံတဲ့ (၁၅)ယောက်ကတော့ အရင် မဲစနစ်နဲ့ ရွေးထားတဲ့ (၁၅)ယောက် ဖြစ်ပါတယ်။

ဦးဇော်မြင့်ဖေ၊ ဥက္ကဋ္ဌ။ ဒေါက်တာမြင့်ကြည် ပါမယ်။ ဦးခင်မောင်ရီ ဒီကော်မရှင်မှာ အတွင်းရေးမှူး ပါမယ်။ နောက် ဦးမျိုးမြင့်၊ ဦးနေဝင်းထွန်း၊ ပါမောက္ခဒေါက်တာမြဦး၊ ဒေါက်တာအေးမောင်၊ ဒေါက်တာခင်ရွှေ၊ ဦးခက်ထိန်နန်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးဆိုင်ပေါင်းနပ်၊ ဒေါ်နန်းနီနီအေး၊ ဦးညွန့်တင်၊ ဦးအောင်ထွန်း၊ ဦးစံထွန်း။ ဒါ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေရေးရာကော်မရှင်ကနေပြီးတော့ ဥက္ကဋ္ဌ ဖြစ်တဲ့ ဦးမြင့်သိန်း ဒီမှာ အဖွဲ့ဝင်ပါ။ ဦးစိန်လှ၊ ဦးကျော်စိန်၊ ဦးစန်းလွင် ဆိုတဲ့ ဒါ ဥပဒေပညာရှင်တွေ ထည့်ပါမယ်။ ဒါ့အပြင် ဒီ(၃)ရက်မှာ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးတဲ့သူအားလုံး၊ ဆွေးနွေးတဲ့ပုဂ္ဂိုလ် အားလုံး ဒီကော်မရှင်ထဲမှာ ထည့်ပါမယ်။ ထည့်ပြီးတော့မှ ဒီ ကော်မရှင်က ရွေးကောက်ပွဲကော်မရှင်နဲ့ တိုင်ပင်မယ်။ တိုင်ပင်ပြီးတော့မှ တွေ့လာတဲ့အဖြေကို အစီရင်ခံစာ ပြန်ပြီးတော့ တင်ပြပါမယ်။

ဒီကော်မရှင်ဖွဲ့စည်းတာနဲ့ပတ်သက်လို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောတူတဲ့အတွက် ဤကော်မရှင်ဖွဲ့စည်းမှု အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

ဒီထက် တရားမျှတတာတော့ မရှိတော့ဘူး။ ဟုတ်ရဲ့လား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နဝမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး ဒသမနေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၄း၃၅ နာရီ အချိန်တွင် ရပ်နားပါသည်။]